မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ဖော်ဆောင်ပေးကြမည့် ကျောင်းသားလူငယ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ လေ့ကျင့်ပုံဖော်ဌာ၊ လုံ့လ၊ ဝီရိယ အရင်းခံဖြင့် မိမိတို့တာဝန်ကျရာ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေပွန်စွာဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

၂၀၀၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် ထူးချွန်ဆရာ ဆရာမများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မိန့်ခွန်းပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အခြေခံပညာကျောင်း၊ ရုံးများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှုများ၊ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးမှုများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် သင်ခန်းစာများ အဆင့်မြှင့်တင်ရေးဆွဲပြုစုမှုများ၊ ဘာသာရပ်ပညာ အရည်အချင်းမြင့်မားသူများကို ပညာရေးနည်းပညာ အထူးသင်တန်းဖွင့်လှစ်လေ့ကျင့်ပေးပြီး အခြေခံပညာအထက်တန်းကျောင်းများတွင် အထက်တန်းပြများအဖြစ် နေရာချထားပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ကုသိုလ်ဘာဝနာတရားများ ပွားများအားထုတ်

သီတင်းကျွတ်လသည် မြန်မာပြက္ခဒိန်လများတွင် သတ္တမမြောက်လဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး မိုးကုန်ခါနီးအချိန်လည်း ဖြစ်သည်။ သီတင်းကျွတ်လကို ရှေးအခါက သန်တူလဟု ခေါ်ဆိုရေးသားခဲ့ကြသည်။ ကောက်ပင်များ ထောင်မတ်သောလဟု အဓိပ္ပာယ်ရသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ခုနစ်ဝါအရ၌ တာဝတိံသာနတ်ပြည်တွင် ဝါဆို၍ မယ်တော်ဖြစ်ခဲ့ဖူးသူ သန္တုဿိတနတ်သားအမှူးရှိသည့် နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူလေသည်။ အဘိဓမ္မာတရားတော် ဟောကြားတော်မူ၍ ပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြသည်။

၎င်းသီတင်းကျွတ်လပြည့်နေ့တွင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည် ဆင်းသက်တော်မူခဲ့ရာ မြင်းမိုရ်တောင်မှ သင်္ကာသမြို့တံခါးတိုင်အောင် လက်ယာဘက်၌ ရွှေစောင်းတန်း၊ လက်ဝဲဘက်၌ ငွေစောင်းတန်းနှင့် အလယ်၌ ပတ္တမြားစောင်းတန်းတို့ကို သိကြားမင်းက ဖန်ဆင်းပေးသည်။ မြတ်စွာဘုရားရှင်က ပတ္တမြားစောင်းတန်းမှ ကြွချီတော်မူသည်။ လူနတ်ဗြဟ္မာအပေါင်းတို့က ဆီမီးတန်ဆောင်များ ထိန်ထိန်ဝင်းအောင် ထွန်းညှိကာ မြတ်စွာဘုရားအား သင်္ကာသမြို့တံခါးမှ ကြိုဆို ဖူးမြော်ကြည်ညိုကြသည်။ မြတ်စွာဘုရားရှင်ကို ဆီမီးပူဇော်သောအနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ဟု ခေါ်သည်။

ဝါကပ်ရာမှ ကျွတ်လွတ်ချိန်ဖြစ်သဖြင့် ဝါကျွတ်ချိန်၊ ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များ ပဝါရဏာပွဲ ပြုလုပ်လေ့ရှိပြီး၊ ပဝါရဏာဟူသည် ရဟန်း တော်များ အပြစ်ရှိက တစ်ပါးနှင့်တစ်ပါး ပြုပြင်ပေးနိုင်ရန်အတွက် ဖိတ်ကြားသောပွဲလည်း ဖြစ်သည်။

မိဘကျေးဇူးကို တရားဓမ္မဖြင့် ပေးဆပ်တော်မူခဲ့သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အထူး သိမြင်ပြီး သီတင်းကျွတ်ကာလတွင် လူငယ်လူရွယ်များကလည်း မိဘ၊ ဆရာသမား၊ သက်ကြီးဝါကြီး များကို ပူဇော်ကန်တော့ကြသည်။

ထိုသို့ သက်ကြီးဝါကြီး မိဘ ဆရာသမားများကို ပူဇော်ရခြင်းဖြင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ ခွန်အားကြီးခြင်း တည်းဟူသော အကျိုးလေးပါးကို ရရှိစေနိုင်သည့် အပြင် သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရသည်လည်း ပိုမို၍ ပေါ်လွင်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များသည် ထူးကဲမွန်မြတ်သည့် အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် အဘိဓမ္မာတရားတော်များကို ရွတ်ပွားပူဇော်ခြင်း၊ ဆင်းရဲဒုက္ခအပေါင်းတို့မှ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဆည်းပူးအားထုတ်ကြခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ တရားဓမ္မများ နာယူခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြည်ညိုကြရင်း ကုသိုလ်ဘာဝနာတရားများ ချမ်းမြေ့စွာ ပွားများအားထုတ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက် သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးကျော်ထူး ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ခ)	ဗိုလ်မှူးကြီးအောင်မျိုးမြင့် ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန

ပဲခူးတိုင်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့် နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၂ ရက် နံနက် ၆နာရီက တောင်ငူမြို့ရှိ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်၌ ကျင်းပသော ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ကြာနီကန်စာသင်တိုက် ပဓာနဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရိယနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အသင်းရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အသင်းရုံးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ရုံးသစ်ဖွင့်လှစ်ပွဲကို ရုပ်သိမ်းလိုက်သည်။

သင်းလုံးကျွတ်စည်းဝေး

ဆက်လက်၍ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ပထမပိုင်းကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး **(အပေါ်ပုံ)**က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက တိုင်းအတွင်း တစ်နှစ်တာ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စည်းရုံးရေးစွမ်းဆောင်ဆုများ၊ ကျေးလက်ဖွံ့ဖြိုးရေးစွမ်းဆောင်ဆုများ၊ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပညာသင်ထောက်ပံ့

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက တိုင်းလုံးကျွတ် ဝတ်ရွတ်ဆိုပြိုင်ပွဲ၌ ဆုရရှိသောအသင်းများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ် အသီးသီးသို့ တက်ရောက်နေသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်သည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တောင်ငူမြို့ ဆေးသိပ္ပံဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ကျင်းပသော အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲသို့တက်ရောက်၍ အမှာစကားများ ပြောကြားကြသည်။

လက်ခံ

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်စုစုက သင်တန်းကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းမှ ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ သင်တန်းသူများ၏ အသင်းဝင်အဆိုပြုလွှာများကိုဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လည်းကောင်း အသီးသီးလက်ခံကြသည်။

ယင်းနောက် တိုင်းမှူးက သင်တန်းကျောင်းအတွက် ငွေပဒေသာပင် ငွေကျပ်ငါးသိန်းနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ငွေကျပ်ငါးသိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၆–၁၀–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညနေပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှမ်းမပြေ"** (အပိုင်း–၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း–၁၁)

ရန်ကုန်မြို့ ဗဟန်း မြို့နယ် ရွှေဂုံရိပ်မွန် အိမ်ရာ တိုက်၈ အခန်း ၁၆နေ ကွယ်လွန်သူ (K.T.H) ဦးဘ အိုအား ရည်စူး၍ သမီး ဒေါ်စန်းရင် (ခ) ဒေါ်အီဗာ (EVA) မြေး– ဦးကျော်ညွန့်၊ ဦးအောင်ညွန့်၊ ဒေါ်သီတာ၊ မြစ် ဒေါ်မိုးစန္ဒာအောင်၊ ဦးသန်းလွင်၊ ဗိုလ်ကြီးကျော်အောင်–ဒေါ်နန်းမြတ်အိစမ်း မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့မှညီလာခံကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၅

အမျိုးသားညီလာခံသို့တက်ရောက်ရန် တနင်္သာရီတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ညနေပိုင်းတွင်လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အသီးသီးရောက်ရှိလာကြသည်။

အဆိုပါ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဗိုလ်တထောင်စေတီတော်၌ တရားတော်များဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၅

၁၃၆၈ ခုနှစ် (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသအရှင်သူမြတ်က လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာသီရိ အရှင်သူမြတ်က လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာ ဒါတော်ဆင်နွဲ မြင်းမိုရ်ပွဲ

❖ လောကသရဖူ၊ ဆောင်းတော်မူသည့်
တစ်ဆူဥက္ကဋ္ဌ၊ ဘုရားမြတ်သည်
မိနတ်မယ်တော်၊ ကျေးဇူးတော်ကို
ဆပ်လိုဖော်ကျူး၊ ရည်စူးလို့ငှာ
အဘိဓမ္မာ၊ ဒေသနာကို
တာဝတိံသာ၊ နတ်ပြည်သာ၌
မဟာသက္ကရာဇ်၊ ခုနှစ် တစ်ရာ့ကိုး
သတ္တမဝါ၊ ကပ်ဆိုရာတွင်
ပင်လယ်ကသစ်ရင်း၊ စံရင်းမှန်စွ
ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာဝယ်
ထက်ဝယ်ဖွဲ့ခွေ၊ နေတော်မူလျက်
ရက်ကိုးဆယ်လုံး၊ ဝါတွင်းသုံးလ
ဟောညွှန်ပြသည်၊ ကြီးစွကျေးဇူးအနန္တ။

❖ ဝါပကင်းလွတ်၊ သီတင်းကျွတ်ပြီ
ပုဏ္ဏမီစန်းလ၊ ပြည့်ဝချမ်းမြေ့
သာသည့်နေ့မှာ၊ အဘိဓမ္မာ
ဒေသနာရေအေး၊ တိုက်ကျွေးပြီးဆုံး
နိဂုံးကမ္ပတ်၊ အဆုံးသတ်လျှင်
လူ့ရပ်ပြည်ခွင်၊ သင်္ကဿနဂိုရ်သို့
နတ်ဗိုလ်ဖြဲ့ပြှာ၊ ခြံရံကာဆင်း
သုံးစင်းသုံးထွေ၊ ရွှေငွေပတ္တမြား
စောင်းတန်းများတွင်၊ ရှင်မြတ်ဘုရား
ပတ္တမြားမှ၊ လှမ်းကြွသက်ဆင်း
လပြည့်မင်းထက်၊ ဝင်းသည်ထက်ဝင်း
သပ္ပာယ်ခြင်းကို၊ ကြည်ညိုညွှတ်နူး
မီးရှူးတန်ဆောင်၊ ထိန်ပြောင်လင်းလက်
ကြိုလျက်ပူဇော်၊ ကော်ရော်ဦးညွှတ်
သီတင်းကျွတ်တွင်၊ မြင်းမိုရ်မီးပွဲ
ဆင်နွဲပျော်ရွှင်၊ ဒို့ပြည်ခွင်မှာ
ကြည်လင်လန်းဆန်း၊ အေးငြိမ်းချမ်းစွ
သာသနာ့ရောင်လည်း ထွန်းတောက်မြဲ။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ယခင်တူးဖော်ထုတ်လုပ်ခြင်းမရှိသော ပေနက်သဲကြောများ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ် နည်းပညာအကူအညီများပေါင်းစပ် အောင်မြင်စွာကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ ၃၀ရက် နံနက်ပိုင်းက ပြည်မြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး၌ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ တိုင်းရောင်းဝယ်ရေးအရာရှိရုံးနှင့် ပြည်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာနက ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းကမ်းများ တိတိကျကျလိုက်နာ ရေးဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး **(ယာပုံ)**သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်း ရေနံမြေသို့ ရောက်ရှိရာ ရေနံမြေ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော China National Petroleum Corporation (CNPC) ၏ PSC 2 နှင့် PSC 101 တွင်းများ တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးစားဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးသည် တွင်းအမှတ် PSC 2 ၌ တွင်းတူးစက် ZJ-70 ဖြင့် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများအား ပြည်ဒေသ၌ ယခင်ကတူးဖော်ထုတ်လုပ်နိုင်ခြင်း မရှိသေးသော ပေနက်သဲကြောများဖြစ်သည့်ပျော်ဘွယ်ကျောက်စဉ်စုရှိ အလားအလာကောင်းသော သဲကြောများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားရာ ပြည်တွင်းရှိ ပညာရှင်များ၏ ယခင် တွေ့ရှိထားသည့် အတွေ့အကြုံများနှင့် ပြည်ပ၏ နည်းပညာအကူအညီများ ပေါင်းစပ်ကာ ရည်မှန်း အနက်ပေသို့ အချိန်တိုတိုအတွင်း အောင်မြင်စွာ ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိရာ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးလှသောင်းက စက်ရုံကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမြန်ဖြန့်ဖြူး

ယင်းနောက် ဒုတိယဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်မီရေး၊ ပညာရှင်များ ခါးဆက်မပြတ်စေရေးအတွက် မျိုးဆက်သစ်များအား လုပ်ငန်းခွင်အတွင်း လေ့ကျင့်ပျိုးထောင်ပေးရေး ဆွေးနွေးမှာကြားပြီး စက်ရုံအတွင်းရှိ ထိန်းချုပ်ရေး စက်စခန်း၊ ပင်မအလုပ်ရုံ၊ အမိုးနီးယား ထုတ်လုပ်ရေးစက်ရုံ၊ ယူရီးယား ထုတ်လုပ်ရေးစက်ရုံ၊ အိတ်သွတ်စက်ရုံနှင့် ယူရီးယားသိုလှောင်ရုံများသို့ လိုက်လံကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်ပြီး ဓာတ်မြေဩဇာများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်းများသို့ အမြန်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း၃ လမ်းမှတ်တိုင်အနီး)တွင် တိုက်၁ အခန်း ၂၀၄ အောင်ဇေယျာရိပ်မွန် အလုံနေ မိဘများဖြစ်သော ဦးသန်းရွှေ–ဒေါ်အေးပွင့်အား ရည်စူး၍ သမီးဒေါ်ကြူကြူ၊ ဒေါ်မူမူ၊ သားဦးဖေခင်မောင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (ဥပုသ်နေ့)
၆–၁၀–၂၀၀၆ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ ဟောကြားတော်မူအပ်သော **“နိယာမငါးပါးတရားတော်”**
၈း၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၃၀ ၆။ International News
၈း၄၅ ၇။ Islands of Dhamma
၈း၅၀ ၈။ ဘဒ္ဒန္တ ကုမာရ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မဟာဝိသုတာရာမတိုက်သစ်၊ မကွေးမြို့၊ မကွေးတိုင်းထံမှ ဝဂ်ဥပေါသထ သီလခံယူဆောက်တည်ခြင်း

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု)(အထက–၁၊ သန်လျင်)(အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၀ ၆။ ဝါကျွတ်တေးများ
၁၇း၂၅ ၇။ **“ဟွန်းသံ”** ဇေရာနှင့် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ (ဒါရိုက်တာ–သက်တင်)
၁၇း၃၀ ၈။ ဓမ္မပူဇာတေးအစီအစဉ်
၁၇း၄၅ ၉။ ဖောင်တော်ဦး ဘုရားပွဲတော် (အင်းလေး)
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဥဇာရှင်
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”** (အပိုင်း–၇)
၁၉း၅၀ ၁၄။ **“ဂုဏ်တော်ကိုးပါး”** (ဂီတစာဆိုဟသ်္သာတမြင့်ငွေ တေးပြုပူဇော်သည်)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ပထမချစ်ပုံပြင်”** (အပိုင်း–၆)
၁၉။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ရေနံချက်စက်ရုံ နှစ်ရုံမွမ်းမံတည်ဆောက်မည်

ဂျကာတာ အောက်တိုဘာ ၅

လာမည့် ၂၀၁၀ပြည့်နှစ်မတိုင်မီ ရေနံချက်စက်ရုံအသစ်များ ဖြစ်ထွန်းလာစေရေးနှင့် လက်ရှိရေနံချက်စက်ရုံနှစ်ခုကို ပြန်လည်မွမ်းမံပြင်ဆင် တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံကို သုံးစွဲသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုဖြစ်သည့် ပီတီပါတာမီနာက အောက်တိုဘာ ၂ ရက်၌ ပြောကြားသည်။

ရေနံချက်စက်ရုံများတည်ဆောက်ရေးကို မိမိတို့ လေ့လာနေကြောင်းလည်း ပီတီပါတာမီနာ ကုမ္ပဏီ ဥက္ကဋ္ဌ အရီဆူမာနိုကပြောကြားသည်။ လေ့လာမှုများလည်း ပြီးဆုံးတော့မည် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

တည်ဆောက်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပြည်ပမှ ရေနံတင်သွင်းမှုများ လျှော့ချရန်အတွက် ပြည်တွင်း၌ ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ရန်လိုအပ်နေကြောင်း အရီဆူမာနိုက ပြောကြားသည်။

ထုတ်လုပ်ပေး

အင်ဒိုနီးရှားနိုင်ငံပိုင် ပါတာမီနာ ရေနံကုမ္ပဏီသည် တစ်နေ့လျှင် ရေနံစည် ၁ဒသမ၀၆သန်း ထုတ်လုပ်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ပုလဲထုတ်လုပ်ရေး

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ ပုလဲထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် ပုလဲလုံးများ ရွေးချယ်နေသည်ကို အောက်တိုဘာ ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်ညာ၌ လက်ဖက်ထုတ်လုပ်မှုမြင့်တက်

နိုင်ရိုဘီ အောက်တိုဘာ ၅

ကင်ညာနိုင်ငံ၏ ဩဂုတ်လ လက်ဖက်ထုတ်လုပ်မှုသည် ယမန်နှစ် အလားတူလက လက်ဖက်ကီလိုသန်းပေါင်း ၂၁ဒသမ၇သန်း ထုတ်လုပ်ခဲ့မှုနှင့် နှိုင်းဆလျှင် ကီလိုသန်းပေါင်း ၂၃ ဒသမ၂သန်းရှိကာ ၆ဒသမ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူများက နိုင်ရိုဘီမြို့၌ အောက်တိုဘာ ၂ရက်က ပြောကြားသည်။

ကောင်းမွန်

ယခုကဲ့သို့ လက်ဖက်ထုတ်လုပ်မှုမြင့်တက်လာရခြင်းမှာ ရာသီဥတုအခြေအနေကောင်းမွန်ခဲ့၍ဖြစ်ကြောင်း ကင်ညာလက်ဖက်ဘုတ်အဖွဲ့က ပြောကြားသည်။

ကျဆင်း

သို့ရာတွင် ယခုနှစ်ပထမသုံးလတွင် မိုးခေါင်မှုကြောင့် ထုတ်လုပ်မှုကျဆင်းခဲ့ရကြောင်း လက်ဖက်ဘုတ်အဖွဲ့ ညွှန်ကြားရေးမှူး ဆစ်စလီတာရစ်ဘီက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်သို့ မုန်တိုင်းသစ်ခြိမ်းခြောက်ပြန်

မနီလာ အောက်တိုဘာ ၅

လွန်ခဲ့သော ရက်များက ရှန်ဆန်း အမည်ရှိ မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ လူ ၂၀၀ခန့် သေဆုံးခဲ့ရသည်။ သို့သော်လည်း ဘီဘင်ကာအမည်ရှိ မုန်တိုင်းတစ်ခုသည် ဖိလစ်ပိုင်မြောက်ပိုင်း လူဇွန်ဒေသကို ဦးတည်တိုက်ခတ်လာနေကြောင်း ဒေသဆိုင်ရာမိုးလေဝသဌာနက အောက်တိုဘာ ၃ရက်၌ ကြေညာသည်။

အဆိုပါ မုန်တိုင်းမှာ ဒေသစံတော်ချိန် ၁၆ နာရီတွင် တိုင်းထွာချက်အရ ဖိလစ်ပိုင်မြောက်ပိုင်း အော်ရိုရာနှင့် ကာဆီဂူရန် အရှေ့တောင်ဘက် ကီလိုမီတာ ၅၅၀တွင် ဗဟိုပြုလျက်ရှိနေကြောင်း၊ ယင်းမုန်တိုင်းမှာတစ်နာရီလျှင် ၈၅ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လာနေကြောင်း အဆိုပါ မိုးလေဝသဌာနက ပြောကြားသည်။

ရွေ့လျား

၎င်းမုန်တိုင်းသည် အနောက်မြောက်အနောက်ဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ကာဆီဂူရန်ပြည်နယ်၏ အရှေ့တောင်ဘက် အရှေ့ပိုင်းရှိ ၃၉၀ ကီလိုမီတာသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း မိုးလေဝသဌာနမှ ကြေညာသည်။

နှိုးဆော်

အာဏာပိုင်များက နံပါတ်(၁) ဦးစားပေးပြည်နယ်များကိုလည်း သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဝက်ဝံများလက်ဝှေ့ပွဲ

ဝက်ဝံနှစ်ကောင် လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။(ဓါပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဝက်ဝံများ စွမ်းရည်ပြပွဲတွင် ဝက်ဝံနှစ်ကောင်က လက်အိတ်များဖြင့် ကြိုးဝိုင်းအတွင်း လက်ဝှေ့ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်

ကဘူးလ် အောက်တိုဘာ ၅

အာဖဂန်နစ္စတန် တောင်ပိုင်း ကန်ဒါဟာမြို့၌ စက်တင်ဘာ ၃ရက်က တာလီဘန်စခန်းဟောင်း နေတိုးတပ်ဖွဲ့ကို အသေခံဗုံးဖောက်ခွဲခဲ့ရာ နေတိုးစစ်ယာဉ်တစ်စီး ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ပျက်စီး

ယင်းဖောက်ခွဲမှုသည် ကန်ဒါဟာမြို့အနီး ကနေဒါ တပ်ဖွဲ့များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ ဒေသစံတော်ချိန် နှစ်နာရီခွဲတွင် စစ်ဘက်ယာဉ် တစ်စီး မီးလောင်ပျက်စီးသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ ဆန်တင်ပို့မှုကျဆင်း

ဟနွိုင်း အောက်တိုဘာ ၅

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမကိုးလအတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ၁ဘီလီယံ တန်ဖိုးရှိ ဆန်တန်ချိန် ၄ဒသမ၁သန်း တင်ပို့ရန်ခန့်မှန်းထားခဲ့သည်။ ယင်းမှာ နှစ်ချင်းအလိုက် ၈ဒသမ ၄ရာခိုင်နှုန်းနှင့် ၇ ဒသမ ၂ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားကြောင်း ဒေသဆိုင်ရာ ကုန်သွယ်ရေး အေဂျင်စီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယမန်နှစ်ပြည့်ပသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ဘီလီယံဖိုးရှိ ဆန်တန်ချိန် ၅ဒသမ ၂သန်းကျော် တင်ပို့ရောင်းချခဲ့သည်။ ယခုနှစ်တွင် ဆန်တန်ချိန် ၄ါးသန်း တင်ပို့ရန် ဆုံးဖြတ်ထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တိုင်အောင် ဆန်ထုတ်လုပ်မှု မြှင့်တင်ရေး မဟာဗျူဟာတစ်ရပ် ချမှတ်ထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြိုးတန်းပေါ် စက်ဘီးစီးပြနေသော ကြက်တူရွေး

ကြိုးတန်းတစ်ခုပေါ်တွင် စက်ဘီးစီးကာ စွမ်းရည်ပြသနေသော ကြက်တူရွေးတစ်ကောင်ကို တွေ့ရစဉ်။(ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် ကြက်တူရွေးတစ်ကောင်က ကြိုးတန်းတစ်ခုပေါ်တွင် တစ်ဘီးတည်းရှိသော စက်ဘီးဖြင့်စီးနင်းကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ထိုင်းနိုင်ငံတွင် မာရှယ်လော မရုပ်သိမ်းသေး ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်ပြောကြား

ဗန်ကောက် အောက်တိုဘာ ၅

ထိုင်းစစ်ဘက် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်က မိမိတို့အနေဖြင့် မာရှယ်လောဥပဒေကို ရုပ်သိမ်းရန် အလျင်စလိုဆောင်ရွက်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ငြင်းဆို

ထိုင်းနိုင်ငံတွင် မာရှယ်လောဥပဒေထုတ်ပြန်ထားခြင်းနှင့် ပတ်သက်၍ အချိန်ကန့်သတ်ခြင်းကိုလည်း ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင်က တစ်စုံတရာ ပြောကြားရန် ငြင်းဆိုလိုက်သည်။

ထုတ်ပြန်

မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲရေး ကာလအတွင်း မည်သို့ အဖြစ်အပျက်များ ရှိလာမည်ကို မသိရကြောင်း၊ ထိုကြောင့် မာရှယ်လောဥပဒေကို ဆက်လက်ထုတ်ပြန်ထားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဆွန်သီက ပြောကြားသည်။

(အင်တာနက်)

ညောင်လေးပင်မြို့နယ် ဝေဇယန္တာဓမ္မရိပ်သာ စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ရွာသစ်ပိုင်းရှိ ဝေဇယန္တာဓမ္မရိပ်သာက ကြီးမှူး၍ ဝေဇယန္တာဓမ္မရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များအား စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာရေးတံမဲ လှူဒါန်းပွဲတို့ကို အောက်တိုဘာ ၁၄ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဘီးတပ်ကုလားထိုင်နှစ်စီး လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်းအတွင်း ကျင်းပရာ ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ဂေဟာတာဝန်ခံ ဒေါ်သန်းသန်းနွယ်တို့က မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဧည့်ပရိသတ်များသည် ဂေဟာရှိ မသန်စွမ်းကလေးငယ်များ၏ ပြုစုစောင့်ရှောက်ပေးနေမှုအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ဧည့်ခန်းမ၌ ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မသန်စွမ်းသမီးငယ် နှစ်ဦးအတွက် ဘီးတပ်ကုလားထိုင်နှစ်စီးလှူဒါန်းသည်။ ထို့နောက် Pearl Garment မှ စောင်အထည် ၁၀၀၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အဝတ်အထည်များ၊ အလှူရှင် Mr. Mike Griffiths မှ ရုပ်မြင်သံကြားနှင့် ဗီဒီယိုပြစက်၊ ရွှေမင်းသားအကျိုးဆောင်လုပ်ငန်းမှ ဦးမြတ်သူဝင်းက ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၀) ထုတ်ဝေဖြန့်ချိ



ရန်ကုန် အောက်တိုဘာ ၅

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၉၀)ကို ယနေ့ ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ညွန့်ဝေ(ကသာ)၊ ပွင့်မွှန်မွှန်သိမ်း၊ စောလွမ်းသိမ်း(ရသစာပေ)၊ ခမ်းစုဝင်းကြည် (သီပေါ)၊ သာကီဟိန်း (တကောင်း)၊ မောင်ခိုင်မွန် (စီးပွားရေးတက္ကသိုလ်)၊ ကျော်ကျော်ဦး(လယ်ဝေး)၊ ညောင်ရွှေ-ခင်မောင်မြ၊ အသုတ်မောင်ဝင်းရောင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ ဘော်ဘော် (သလ္လာ)၊ ရွှေမြိုင်ပြုံးလဲ့မော်တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ စောမုံညင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ တက္ကသိုလ်စိုးယဉ်၊ ဆရာစံတင်အောင် (ရွှေဘို)၊ ပခုက္ကူဦးအုံးဖေ၊ နီမင်းညို၊ နေမျိုးသန့်၊ ရွှေဘိုသီရိမာလာ၊ပုသိမ်ရန်နောင်စိုး၊ ပဏ္ဍိတာနန္ဒ(တကောင်း)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ရွှေဘိုမိမိကြီး၊ ဦးကျော်ကျော်သန်း (ရွှေဘို)၊ သန်းဝင်းရှိန်၊ ဝင်းနိုင်သောင်း၊ ကော့မှူး မြကြိုင်၊ မော်ဝန်းကြည်မြတ်၊ ဆလိုင်း လိန်းကြယ်ပျံ၊ မိုးသစ် (ကချင်မြေ)၊ နန္ဒကျော်ခေါင်တို့၏ ဆောင်းပါးများ၊ မောင်ဆန္ဒ (လယ်ဝေး)၊ မြတ်ဦး၊ စိုင်းပီတိ (ပန်းဆန်း)၊ ပတ္တမြားနီနီ၊ မောင်ကြည်မော် (စကု)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ခင်ကြူကြူတင်၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ ဘွင်းဘွင်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ဟာသနှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍများဖြင့် စုံလင်စွာတင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကိုရန်ကုန်မြို့နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့်အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးဝင်းနိမ္မိတာရုံကျောင်း ကထိန်သင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် အောက်တိုဘာ ၅

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက် (အောက်တိုဘာ၈ရက်) တနင်္ဂနွေနေ့တွင် ပဲခူးမြို့ ကလျာဏီရပ်ကွက် ဝင်းနိမ္မိတာရုံကျောင်းတိုက် စတုတ္ထအကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဆင်ယင်ကျင်းပမည်ဖြစ်ရာ ကျောင်းတိုက် ဝါဆိုသံဃာ၁၄၇ပါးနှင့် ပင့်သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓေမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ကြခတ်ဝိုင်း ဆရာတော်ကြီး၏ ဓမ္မဒေသနာတော်ကို နာယူကြမည် ဖြစ်ပါသောကြောင့် တက်ရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၅

သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအခမ်းအနားဖွင့်ပွဲနှင့်အတူ ပထမအကြိမ် ပန်းပွဲတော်နှင့် National Landmarks Garden ဖွင့်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်မဂ္ဂဇင်းအထူးထုတ်ဝေမည်ဖြစ်ပြီး မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ဝတ္ထုတို၊ ဝတ္ထုရှည် စာမူများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်သော သမိုင်းဝင်အထောက်အထားများကို ညွှန်ကြားရေးမှူး သဘာဝဝန်းကျင်နှင့် သားငါးငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ဖုန်း -၀၆၇-၄၀၅၃၉၇၊ ၀၁-၆၈၁၇၆၁နှင့် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၄၀၁၊ ၀၁-၆၈၁၉၂၉တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် စာမူရှင်များအား ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာများပေးပို့ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ၆၅-၆၆လမ်းကြား ရတနာပုံလမ်း (ဘီ-၃၇)နေ ဘ၀တက်လမ်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလီမိတက် ပိုင်ရှင် ဦးရဲသူ-ဒေါ်ယဉ်ယဉ်အောင် မိသားစု၏ကိုယ်စား ဦးဟန်ရှိန် (တရားရုံးချုပ်၊ တရားသူကြီး) ဒေါ်မြမြလေး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ အကျိုးဆောင်များမှ အလှူငွေကျပ် သိန်းတစ်ရာကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) နှင့် အမှုဆောင်ဆရာတော် အရှင်ဝိနယဓရ (ဝံသမေဒိနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ခုနစ်မိုင်ခွဲ ကုန်းမြင့်ရိပ်သာ အောင်မင်္ဂလာလမ်း အမှတ် ၄၈နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်ရီ (ငြိမ်း) ဒေါ်နုနုရီ မိသားစုနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေ မိသားစုတို့က အလှူငွေကျပ် ၁၁၅၀၆၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ပါးစပ်အတွင်း မီးလောင်နေသောပိတ်စ ထည့်သွင်းပြသူ

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၅၇)နှစ်ပြည့်မြောက်သည့် အမျိုးသားနေ့ဖြစ်သည်။

ဖျော်ဖြေ

ထိုအောက်တိုဘာ ၁ရက်မှစ၍ ရက်သတ္တပတ်ကြာအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အမျိုးသားနေ့အခမ်းအနားများ ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ထူးဆန်းအံ့ဖွယ်သော ပြကွက်များဖြင့်လည်း ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

အံ့ဖွယ်ပြကွက်

ပုံမှာ တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ဟီဖိုင်မြို့တွင် လျူကျင်းအမည်ရှိ တရုတ်အမျိုးသားတစ်ဦးက မီးလောင်နေသော အဝတ်စတစ်စကို ပါးစပ်အတွင်းထည့်ကာ အံ့ဖွယ်ပြကွက်အဖြစ် ဖျော်ဖြေတင်ဆက်နေခြင်းဖြစ်သည်။ **(ဝဲပုံများ)**

အပန်းဖြေ

တရုတ်နိုင်ငံ၏ အမျိုးသားနေ့ပွဲတော်ကာလအတွင်း သန်းပေါင်းများစွာသော တရုတ်လူမျိုးများသည် မြို့ကြီးများသို့ သွားရောက်ကာ အပန်းဖြေလေ့ရှိကြကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကူညီဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် စက်တင်ဘာ ၂၆ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်ချက်(၁၄)ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ငါးချက်၊ အားလေးအားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၆–၂၀၀၇ ခုနှစ် လုပ်ငန်းလျာထားချက် ရှစ်ရပ်တို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် မူဆယ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နမ့်တောင်းကျေးရွာ ရွှေနံ့တောင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေမြို့ ဆိပ်ခံတံတားနှင့်လေဆိပ်တိုးချဲ့လုပ်ငန်းများ စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် စက်တင်ဘာ ၃၀ ရက်က စစ်တွေမြို့ ကမ်းနားလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖောင်တော်ဦးဆိပ်ခံတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ သွားရောက်ကြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးသန်းဦးက ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ ဆိပ်ကမ်းကုန်တင်ကုန်ချနှင့် သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်မှု အခြေအနေ၊ ပို့ကုန်သွင်းကုန်များ ကိုင်တွယ်နိုင်မှုနှင့် ဆိပ်ခံတံတားတည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော တန်ချိန် ၄၀၀၀ တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ နောက်ခံသမိုင်း၊ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းပိုင်ဆိုင်ရာများကို မှာကြားကြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြသည်။ ညပိုင်းတွင် ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ဝန်ကြီးတို့သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အောက်တိုဘာ ၁ ရက်တွင် စစ်တွေလေဆိပ်သို့ သွားရောက်ကြ၍ စစ်တွေလေဆိပ်ခန်းမဆောင်၌ စစ်တွေလေဆိပ် လေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားရာနေရာတို့ကို ထပ်ပိုးလွှာတင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း Runway Strip ပြန်လည်ပြုပြင်ခြင်း ပြေးလမ်း ဝဲ/ယာ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ပစ္စည်းများ စုဆောင်းမှုအခြေအနေတို့နှင့် ပတ်သက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း မှာကြားကြပြီး လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားရာ နေရာတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် အောက်တိုဘာလအတွက်

(၈-၁၀-၂၀၀၆)ရက်နေ့

နှင့်

(၂၉-၁၀-၂၀၀၆)ရက်နေ့

ဒုတိယအကြိမ်မြောက် ကမ္ဘာ့ ရိုးရာ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာနွှဲမည်

ရန်ကုန် အောက်တိုဘာ ၅

ဒုတိယအကြိမ်မြောက် ကမ္ဘာ့ရိုးရာ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှောင်လင်ကျောင်းရှိသည့် Zhen Zhou မြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အားကစားမောင်မယ် ကိုးဦး ပါဝင်ဆင်နွှဲကြမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသားအားကစားသမားများမှာ အမျိုးသားပြိုင်ပွဲများတွင် ဝေဖြိုးအောင်၊ သူရစိုး၊ သူရထွန်း၊ ကောင်းထက်ဟိန်းနှင့် ဟိန်းဇော်တို့ဖြစ်ပြီး အမျိုးသမီး အားကစားသမားများမှာ စန္ဒီစိုး၊ အိမ့်မိမိ၊ ဝေမာထွန်းသိန်းနှင့် ရွှေရည်လင်းတို့ ဖြစ်သည်။

ဒုတိယအကြိမ်မြောက် ကမ္ဘာ့ရိုးရာ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် အဖွဲ့ချုပ်မှ မျိုးဆက်သစ်လူငယ်များ ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးရုံတွင် လေ့ကျင့်လျက်ရှိရာ ဟိန်းဇော် ဟိုကွန့်(မျောက်တုတ်)ကစားနည်း လေ့ကျင့်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

လိုက်ပါ

မြန်မာ့ဝူရှူးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးခွန်ဂျာအောင်(နည်းစနစ်မှူး)နှင့် နည်းပြအဖြစ် ဦးအောင်သူနိုင် (ရန်ကုန်မြို့တော်စည်ပင်)တို့က လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲအတွက် အဖွဲ့ချုပ်မှ အုပ်စုလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲတွင် ချမ်းချွမ် (မြောက်ပိုင်း လက်သိုင်း)၊ နမ်းချွမ် (တောင်ပိုင်း လက်သိုင်း)၊ နန်းတောင်း (တောင်ပိုင်း ဓားမောက်)၊ ထိုက်ချီချွမ်၊ ထိုက်ချီကျန့်၊ ဆဲကျဲကွန့် (သုံးချောင်းဆက်တုတ်)၊ နန်းကွန့် (တောင်ပိုင်း တုတ်သိုင်း)၊ ဟုံချွမ် (မျောက်သိုင်း)၊ ဟိုကွန့်(မျောက်တုတ်)၊ ကျွေ့ချွမ်(အရက်မူးသိုင်း)၊ ကျွေ့ကျန် (အရက်မူးဓား)၊ စွမ်းကိုး(ဂျိတ်ဓား)၊ ဟူးချွမ် (ကျားသိုင်း)၊ ဖူးတောင်း(တုတ်ဓားမောက်)နှင့် ကျန့်စု(နှစ်ဖက်သွားဓား)တို့ ပါဝင်ရာ ပြိုင်ပွဲနီးကာလဖြစ်သည့်အတွက် မြန်မာ နည်းပြဆရာ ဦးအောင်သူနိုင်က နည်းစနစ်မှန်မှန်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး ကျန်းမာရေးကြောင့် အနားယူသွား၍ မြန်မာဝူရှူးအဖွဲ့ချုပ်အသစ်ကို ၂၀၀၆ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ မန်းနေဂျင်းဒါရိုက်တာ (လွယ်ဟိန်းကုမ္ပဏီလီမိတက်)နှင့် အတွင်းရေးမှူး နည်းစနစ်မှူး ဦးခွန်ဂျာအောင်(အား/ကာ)ပါဝင်သည့် အမှုဆောင်သစ်ကို ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ယခင်အစဉ်အလာအတိုင်း အောင်မြင်မှုရရန် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ပဒုမ္မာကွင်းရှိ ဝူရှူးလေ့ကျင့်ရေးရုံသို့ သွားရောက်ပြီး ပြိုင်ပွဲအုပ်ချုပ်သူအဖြစ် လိုက်ပါဆောင်ရွက်မည့် အတွင်းရေးမှူး ဦးခွန်ဂျာအောင် (နည်းစနစ်မှူး၊ အား/ကာ)နှင့်တွေ့ဆုံ၍စခန်းသွင်းလေ့ကျင့်မှု အခြေအနေနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်လေ့ကျင့်မှုအခြေအနေများကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

လေ့ကျင့်မှု

ဦးခွန်ဂျာအောင်က "မိမိတို့အနေဖြင့် စခန်းသွင်းလေ့ကျင့်မှုကို ၂၀၀၆ ခုနှစ် ဧပြီ ၁ ရက်တွင် မြန်မာနည်းပြများဖြင့် အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦးဖြင့် စတင်ခဲ့ကြောင်း၊ စနေနေ့ ညနေပိုင်းနှင့် တနင်္ဂနွေနေ့ တစ်ရက်နားပြီး ကျန်ရက်များတွင် နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီ၊ ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်နေ့နှစ်ကြိမ် ပုံမှန်လေ့ကျင့်မှုပြုလုပ်ပြီး ပြိုင်ပွဲအနီးအဝေးအပေါ်မူတည်ပြီး နည်းစနစ်ပိုင်းကို ပြောင်းလဲ

ဝူရှူးအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲ လေ့ကျင့်မှုနှင့် ရည်ရွယ်ချက်များကို အဖွဲ့ချုပ် အတွင်းရေးမှူး ဦးခွန်ဂျာအောင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

လေ့ကျင့်စေခဲ့ကြောင်း၊ မိမိတို့အဖွဲ့ချုပ်သစ်အနေဖြင့် ပထမဆုံးခြေလှမ်းအဖြစ် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ တရုတ်နိုင်ငံ ရိုးဟန်းမြို့တွင်ကျင်းပသည့် ကမ္ဘာ့လူ ဝူရှူး(ဆန်းဆို) တံခွန်စိုက်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့အဆင့် လက်ရည်စစ်ပွဲအောင်မြင်သူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရာ နိုင်ငံပေါင်း၂၀ မှ ပါဝင်ယှဉ်ပြိုင်ခွင့်ရကြောင်း၊ မိမိတို့အဖွဲ့ချုပ်က ဆန်းဆိုပြိုင်ပွဲ ၆၀ ကီလိုတန်းတွင် ကြေးတံဆိပ်ဆုကို ရရှိခဲ့ကြောင်း၊ မိမိတို့ (၁၅)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် အမျိုးသား ပဏ္ဍာမလက်ရွေးစင် အောင်စည်သူ၊ မျိုးမင်းစိုးနှင့် စိုးဝင်းသူ၊ အမျိုးသမီး ပဏ္ဍာမလက်ရွေးစင် ဟန်နီကိုကိုတို့ကို တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်ရန် စေလွှတ်ထားကြောင်း၊ မိမိတို့ မျိုးဆက်မပြတ်စေရေးအတွက် ပုံမှန်သင်တန်းသား ၂၀ ကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများမှ ယခုပြိုင်ပွဲအတွက် ကိုးဦးကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲဝင်လူငယ်များအနက် သူရထွန်း တစ်ဦးသာလျှင် အသက်(၁၉)နှစ်ရှိပြီး ကျန်မျိုးဆက်သစ်များသည် အသက်(၁၁)နှစ်မှ (၁၅)နှစ်ဝန်းကျင်သာရှိကြောင်း၊ ယခုပြိုင်ပွဲနှင့် အာရှပွဲပြီးလျှင် ယခု လက်ရှိကစားသမားများနှင့် မျိုးဆက်သစ်များ ပူးပေါင်းရွေးချယ်၍ ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ အောင်မြင်ရေးအတွက် အထူးအလေးထား လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်သစ်အနေဖြင့် ယခုပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲ ဒုတိယမြောက်ပြိုင်ပွဲဖြစ်ကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်ကို နိုင်ငံတော်မှ ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် ၃၂ခုမြောက် အားကစားအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းပေးခဲ့ပြီး အဖွဲ့ချုပ်၏ စည်းရုံးစွမ်းဆောင်နိုင်မှုကြောင့် နှစ်တိုကာလအတွင်း ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်များ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံ့ဂုဏ်

ယခုအခါ ဝူရှူးအားကစားအဖွဲ့ချုပ်သည် အဖွဲ့ချုပ်သက်တမ်း ၁၃ နှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာပြီး နိုင်ငံတကာပြိုင်ပွဲများ၊ အရှေ့တောင်အာရှနှင့် အာရှမှသည် ကမ္ဘာ့အဆင့်အထိ ထိုးဖောက်အောင်မြင်မှုရရှိလာပြီး ကမ္ဘာ့ဝူရှူးအဖွဲ့ဝင်နိုင်ငံပေါင်း ၉၇ နိုင်ငံအကြား မျက်နှာပွင့်လန်း၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို တွေ့ရပေသည်။

အဖွဲ့ချုပ်၏ စည်းရုံးလှုပ်ရှားဆောင်ရွက်မှုကြောင့် ၁၉၉၅ ခုနှစ်မှ ၂၀၀၆ ခုနှစ် စက်တင်ဘာလကုန်အထိ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် ဆုရရှိမှုအခြေအနေကိုကြည့်လျှင် အရှေ့တောင်အာရှအဆင့်တွင် ရွှေ ၂၂ ခု၊ ငွေ ၂၂ ခု၊ ကြေး ၂၅ ခုနှင့် စုစုပေါင်း ဆုတံဆိပ် ၆၉ ဆု၊ အာရှအဆင့်တွင် ရွှေ ၈ ခု၊ ငွေ ၉ ခု၊ ကြေး ၇ ခုနှင့် စုစုပေါင်း ဆုတံဆိပ် ၂၄ ခု၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် ရွှေ ၅ ခု၊ ငွေ ၇ ခု၊ ကြေး ၄ ခုနှင့် စုစုပေါင်း ဆုတံဆိပ် ၁၅ ခုရရှိပြီး နိုင်ငံတကာပြိုင်ပွဲကြီး သုံးမျိုးတွင် ရွှေတံဆိပ် ၃၅ ခု၊ ငွေတံဆိပ် ၃၈ခုနှင့် ကြေးတံဆိပ် ၃၅ ခု စုစုပေါင်းဆုတံဆိပ် ၁၀၉ ခုကို နိုင်ငံအတွက် ဆွတ်ခူးပေးနိုင်ပြီး အဖွဲ့ဝင်နိုင်ငံများ၏အလယ်တွင် ဂုဏ်ယူဝံ့ကြွားစွာတွေ့ရပြီး ပြိုင်ဘက် နိုင်ငံများ၏ လေးစားမှုကို ခံယူရသည့် အဖွဲ့ချုပ်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ပါသည်။ ॥ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ထိုက်ချီချွမ်

ဒုတိယအကြိမ်မြောက် ကမ္ဘာ့ရိုးရာ ဝူရှူး တံခွန်စိုက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် မျိုးဆက်သစ် ဝူရှူး အားကစား မောင်မယ်များ ပဒုမ္မာကွင်း၌ လေ့ကျင့်လျက်ရှိရာ ဝေမာထွန်းသိန်း ထိုက်ချီချွမ် ကစားနည်း လေ့ကျင့်စဉ်။
ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏မေတ္တာရပ်ခံချက်သည် တရားမျှတပြီး လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီ

■ ကျောဖုံးမှ

အဆိုပါစာတွင် "ကျူးဘားနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို ငြင်းပယ်လိုက်ခြင်းသည် လုံခြုံရေးကောင်စီအတွင်း လက်ငင်းလက်တွေ့နှင့် အတွင်းကျကျ ပြုပြင်ပြောင်းလဲမှုများအပါအဝင် ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်နည်းစနစ်များ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ဟူသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ ခိုင်မာသောရပ်တည်ချက်ကို ထပ်မံဆန့်ကျင်လိုက်ခြင်းဖြစ်၍ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း။

"ဖော်ပြပါ အစည်းအဝေး၌ တက်ရောက်ဆွေးနွေးခွင့်ပြုရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ မေတ္တာရပ်ခံချက်သည် တရားမျှတပြီး ကြောင်းကျိုးညီညွတ်သည့်အပြင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကို အဖွဲ့ဝင် နိုင်ငံပေါင်း ၁၁၈ နိုင်ငံဖြင့် ဖွဲ့စည်းထားရာ ၎င်းနိုင်ငံများအထဲတွင် ယခု လုံခြုံရေးကောင်စီ၌ ဆွေးနွေးနေသောကိစ္စရပ်ကြောင့် တိုက်ရိုက် အကျိုးစီးပွားနစ်နာကြသည့် မြန်မာနိုင်ငံနှင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံများလည်း ပါဝင်ကြကြောင်း။

"ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ကိုင်စွဲထားသောအမြင်မှာ ယခုကိစ္စရပ်အပေါ် သင့်တော်သည့် ဆုံးဖြတ်ချက်တစ်ခုခု မချမှတ်မီ လုံခြုံရေးကောင်စီထံသို့ အကြံပြုတင်ပြထားသော ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများအပြား၏ သုံးသပ်ရှုမြင်ချက်များကို အလေးထားနားထောင်ခြင်းဖြင့် ဝေဖန်ထောက်ပြချက်အားလုံးအပေါ်မှ ကနဦးစံနှုန်းတစ်ရပ်ကို ရရှိအကျိုးဖြစ်ထွန်းနိုင်မည်ဟူသည့် အမြင်ပင်ဖြစ်ကြောင်း။

"မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်လိုက်ခြင်းသည် လုံခြုံရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို တစ်ဖက်သတ် လိုရာဆွဲ၍ အဓိပ္ပာယ်ဖွင့်ဆိုလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ထိုလုပ်ရပ်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကိုယ်စား ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ ထူထောင်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် လုံခြုံရေးကောင်စီ၏ လုပ်ဆောင်မှုများတွင် လိုအပ်နေသည့် ထင်သာမြင်သာရှိမှု၊ ပွင့်လင်းမှု၊ ကိုယ်စားပြုမှု စသည်တို့ကို အကျိုးဖြစ်ထွန်းစေမည် မဟုတ်ကြောင်း။

"ဤစာနှင့်အတူ လုံခြုံရေးကောင်စီ၏ Private Meeting ၌ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ကိုယ်စား တင်ပြဆွေးနွေးမည့် ကျူးဘားနိုင်ငံ၏ ရှင်းလင်းပြောကြားချက်ကို နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြထားပါကြောင်း၊ ဤစာပါ အကြောင်းအရာများနှင့် နောက်ဆက်တွဲပါ ဖော်ပြချက်များကို လုံခြုံရေးကောင်စီ၏ အထောက်အထား စာရွက်စာတမ်းများအဖြစ် ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း" ဖော်ပြထားသည်။ **(ကျူးဘားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ထံမှ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌထံ ပေးပို့သည့် စာ၏ နောက်ဆက်တွဲပါ အကြောင်းအရာများကို သီးခြားဖော်ပြထားပါသည်။)**

(သတင်းစဉ်)

မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်

● ကျောဖုံးမှ

"မြန်မာနိုင်ငံ၏ အခြေအနေနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးမည့် ကိစ္စအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ အမြင်သဘောထားကို အဖွဲ့၏ ကိုယ်စား တင်ပြလိုပါကြောင်း။

"ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ အခြေခံမူများနှင့် ရပ်တည်မှုကို အဖွဲ့ကြီးက ဆက်လက်၍ ခိုင်ခိုင်မြဲမြဲ ကိုင်စွဲထားမည်ဖြစ်သည်ဟု ထပ်လောင်းအတည်ပြု ပြောကြားပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့၏ အခြေခံမူများ၊ ပဋိညာဉ်စာတမ်းအရ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအကြား ဆက်ဆံမှုများ၊ လုံခြုံရေးကောင်စီက အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ပိုင်ခွင့်များအပေါ် ဝင်ရောက်စွက်ဖက်လာမှုများနှင့် အခြား အလားတူပြဿနာများနှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းအတိုင်းသာ ဆောင်ရွက်သင့်သည်ဟူသော အမြင်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က လက်ကိုင်ထားမည်ဖြစ်ကြောင်း။

"ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက စာများရေးသားပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ၁၀-၂-၂၀၀၆ ရက်စွဲပါ စာနှင့် ၂၀-၂-၂၀၀၆ ရက်စွဲပါ စာများဖြစ်ပြီး ထိုစာများနှင့်အတူ ၁၀-၇-၂၀၀၆ ရက်စွဲဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ရေးသားပေးပို့ခဲ့သော စာနှင့်တကွ S/2006/85၊ S/2006/111 စာအမှတ်ပါ စာရွက်စာတမ်းများကိုပါ ပူးတွဲပေးပို့ခဲ့ပြီးဖြစ်ကြောင်း။

"ထို့အပြင် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမပြုသော ကုလသမဂ္ဂအဖွဲ့ဝင် မည်သည့်နိုင်ငံကိုမဆို၊ မည်သည့်အရေးကိစ္စကိုမဆို လုံခြုံရေးကောင်စီ၌ တရားမဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်(၂၄)နှင့် ဆန့်ကျင်နေသည် ဟူသည့်အချက်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ထပ်လောင်းဖော်ပြလိုက်ပါကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု ယုံကြည်ယူဆမှု မရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံက လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင် ကန့်ကွက်ကြောင်း။

"ယင်းသို့ လုပ်ဆောင်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ချိုးဖောက်ရာရောက်သည့်အပြင် အထူးသဖြင့် ပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်နေကြောင်း၊ ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက လုံခြုံရေးကောင်စီအနေဖြင့် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာသင့်သည်ဟု ထပ်မံပြောကြားလိုပါကြောင်း။

"ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ (၁၄)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးက ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်တွင် အတည်ပြု ထုတ်ပြန်ခဲ့သော အပြီးသတ်ကြေညာစာတမ်း (Final Document)တွင် လုံခြုံရေးကောင်စီအနေဖြင့် မိမိ၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင်လည်းကောင်း ပဋိညာဉ်စာတမ်းကို အထူးလေးစား လိုက်နာကျင့်သုံးသင့်သည်ဟု ဖော်ပြတောင်းဆိုထားပါကြောင်း။

"သို့ဖြစ်၍ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိသော ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စကို လုံခြုံရေးကောင်စီ၌ တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ဆွေးနွေးရန် ဆုံးဖြတ်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်နေသည်ဟု အလေးအနက် အသိပေးလိုက်ပါကြောင်း" ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၅ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး အင်ဒိုနီးရှား သမ္မတနိုင်ငံ (၆၁)နှစ်မြောက် တပ်မတော်နေ့ ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ စစ်သံမှူး Col, Yayat Hidayat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီးဇော်မင်းက လားရှိုးဒီဂရီကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်(လားရှိုး)၊ အစိုးရနည်းပညာ ကောလိပ်(လားရှိုး)တို့သို့ ငွေကျပ် ၁၀ သိန်းစီ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လားရှိုး)သို့ အရင်းမပျောက် မတည်ငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် မသဥ္စာထွန်း၊ ငါးဘာသာဂုဏ်ထူးရှင် မနှင်းနှင်းဝင်း၊ မနေခြည်ဦး၊ မောင်ကျော်မင်းထက်၊ နန်းနှင်းရည်မွန်ဦးနှင့် မောင်သော်ဇင်ဦးတို့အား ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ငါးဘာသာဂုဏ်ထူးရှင် မောင်ကျော်ကျော်အောင်၊ မောင်ကျော်သူ၊ မတင်တင်ယု၊ မရွှန်းလဲ့၊ ဖြူပြာအောင်၊ မသိမ့်စန္ဒီကျော်၊ မောင်မြတ်ကိုကိုနှင့် မမျိုးလင်းဆွေတို့အား ဆုချီးမြှင့်သည်။

လက်ခံ

ထို့နောက် လားရှိုးဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်(လားရှိုး)၊ အစိုးရကွန်ပျူတာကောလိပ်(လားရှိုး)၊ အစိုးရကွန်ပျူတာကောလိပ်(လားရှိုး)၊ လားရှိုးမြို့ အခြေခံပညာအထက်တန်းကျောင်းများမှ သူနာပြုသင်တန်းကျောင်း လားရှိုးတို့မှ ကျောင်းသားကျောင်းသူများနှင့် သင်တန်းသူများက အသင်းဝင်အဆိုပြုလွှာ ၃၆၀၅ စောင်ကို ပေးအပ်ကြရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက လက်ခံသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက နှစ်ပတ်လည် အစီရင်ခံစာများကို အသီးသီး ဖတ်ကြားတင်သွင်းကြ၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက **"ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး ကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များ"** စာတမ်းကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

၃။ မြန်မာနိုင်ငံအတွင်းအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီပေါ်ထွန်းရေးအတွက်မှာ မြန်မာတိုင်းရင်းသားအားလုံးတို့၏တာဝန်သာဖြစ်ပါသည်။ တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း နားလည်ခံယူထားသည့်အလျောက် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲအကောင်အထည်ဖော်လျက်ရှိရာ အထိုက်အလျောက် အောင်မြင်မှုများကို လက်တွေ့ခံစားနေရပြီဖြစ်သည်။

၄။ ပြည်တွင်းအေးချမ်းတည်ငြိမ်မှုရှိသဖြင့် တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးသေးသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ခံစားရရှိနေပြီဖြစ်သော တိုင်းပြည်တစ်ခုအနေဖြင့် မည်သည့်ဒေသတွင်း နိုင်ငံများ၏ လုံခြုံရေးကိုမျှ ထိခိုက်နိုင်စရာအကြောင်း မရှိပါ။

၅။ သို့ပါ၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ ကျွန်ုပ်တို့နိုင်ငံအပေါ် မတရားစွက်ဖက်ရန်ရည်ရွယ်၍ လုပ်ဆောင်လာသည့် ဤလုပ်ရပ်ကို ကျွန်ုပ်တို့အဖွဲ့အစည်းက ပြင်းထန်စွာ ရှုတ်ချပါကြောင်း ကြေညာလိုက်ပါသည်။

ဦးထွန်းကျော်
ဒု-ဥက္ကဋ္ဌ
ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး

ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်ထွန်းလာအောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သော ဥယျာဉ်မှူးကောင်းများအဖြစ် ရပ်တည်နိုင်အောင်ကြိုးပမ်းအားထုတ်

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chanthavy Bodhisane နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူလေးများဖြစ်ကြသော မမေဖူးကျော်နှင့် မအေးမွန်ငြိမ်းတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

သီဆိုဖွင့်လှစ်

ရေးဦးစွာ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ‘ကွန်းခိုနားရာ မြတ်ဆရာ’သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် လူ့ဘောင်အဖွဲ့အစည်းကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်သည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို ကမ္ဘာနှင့်အဝှမ်း၌ ပြုစုပျိုးထောင်မွေးထုတ်ပေးနေကြသည့် ဆရာ ဆရာမများ၏ စွမ်းဆောင်မှုများကို ထုတ်ဖော်ဂုဏ်ပြုသောအနေဖြင့် ဤနေ့ဤရက်တွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ဂုဏ်ပြုကျင်းပလျက်ရှိကြောင်း။

ယဉ်ကျေးမှုအစဉ်အလာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ကမ္ဘာ့ဆရာများနေ့အခမ်းအနားများကို ဤကဲ့သို့ အောက်တိုဘာလ ၅ရက်တိုင်းတွင် နှစ်စဉ်မပျက် ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ပဥ္စမအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းသည် ကောင်းမြတ်သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများတွင် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ‘ဆရာ’ဆိုသည့်ဂုဏ်ဒြပ်ကို အလေးအမြတ်ပြုတတ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ကို ဖော်ကျူးဂုဏ်ပြုခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ‘ဆရာ’ဆိုသည့် ဂုဏ်ဒြပ်သည် ပင်ကိုအားဖြင့် ကြည်ညိုလေးစားဖွယ်၊ ဂုဏ်ပြုပူဇော်ဖွယ် ဂုဏ်ရည်များဖြင့် ပြည့်ဝပြီးဖြစ်ကြောင်း၊ ပညာကိုအလေးအမြတ်ထားသည့် မြန်မာ့လူ့ဘောင်၌ ပညာကိုသင်ကြားပေးသော ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံထိုက်သည့် ပုဂ္ဂိုလ်များအဖြစ် တန်ဖိုးထား ကြည်ညိုလေးစားကြကြောင်း။

တည်တံ့ခိုင်မြဲ

တစ်ဖက်တွင်လည်း ဆရာတစ်ဦးသည် မိမိ၏ တပည့်ကျောင်းသူကျောင်းသားများကို စာပေပညာသင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး လူ့လောကတွင် အောင်မြင်တိုးတက်သည်အထိ လမ်းမှန်ညွှန်ပြရမည့် တာဝန်ရှိသည်ဆိုသည့်ဆရာတို့ လိုက်နာအပ်သော ကျင့်ဝတ်သည် မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၌ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေဆဲပင်ဖြစ်ကြောင်း။

ယင်းကောင်းမြတ်သည့် ယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ဆရာ့ဂုဏ်ဒြပ်၊ ဆရာ့ကျင့်ဝတ်တို့ ပိုမိုတိုးတက်ခိုင်ခံ့ပြီး ဆရာတို့၏ဘဝ သာယာချမ်းမြေ့စေရအောင်၊ ဆရာတို့၏ အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရအောင်၊ ဆရာ့အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားစေရအောင် ဆရာ ဆရာမများနှင့် မိဘပြည်သူများ တက်ညီလက်ညီလက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု ယနေ့ကမ္ဘာ့ဆရာများနေ့တွင် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားပညာရေးအဆင့်အတန်း မြင့်မားရေး၏ အရေးပါမှုကို အသိအမှတ်ပြုပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤအမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ ရေးဆွဲချမှတ်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နှစ်စဉ်ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်မှု ဖြစ်စဉ်အဆင့်ဆင့်တွင် ဆရာများကိုယ်တိုင် ပါဝင်ဆွေးနွေးစီမံဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယင်းအမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ၏ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဆရာများ၏ အရေးပါသော ပါဝင်စွမ်းဆောင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြု ထည့်သွင်းထားသကဲ့သို့ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေးလုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးဖြစ်သည့် မန္တလေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်စိန်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အရည်အသွေးမြင့်မားရေး

အခြေခံပညာကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲရေး၊ အခြေခံပညာအဆင့်အလိုက် ကူးပြောင်းသင်ယူနှုန်း မြင့်မားရေး လုပ်ငန်းများကို ဆရာများနှင့် မိဘပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လိုက်လျောညီထွေ

အခြေခံပညာရေး အရည်အသွေးမြင့်မားရေးအပိုင်းတွင် ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝရေး၊ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများနှင့်အညီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာအဆင့်များ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှုလုပ်ငန်းများ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ အပြည့်အဝ ရယူအသုံးပြုသင်ကြားရေး၊ သင်ကြားသင်ယူမှုအစီအစဉ်နှင့် ပညာရည်စစ်ဆေးတိုင်းတာမှုစနစ် လိုက်လျောညီထွေဖြစ်စေရေး၊ အခြေခံပညာကျောင်း၊ ရုံးများ၏ သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်အောင်မြင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ကျောင်းသူ ကျောင်းသားများ ဥပဒေစည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များကို လေးစားလိုက်နာတတ်စေရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းများကို အထူးအာရုံစိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်** လမ်းညွှန်မှာကြားထားကြောင်း။

အထူးသင်တန်းဖွင့်လှစ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အခြေခံပညာကျောင်း၊ ရုံးများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှုများ၊ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ ဆရာမများ မွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးမှုများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် သင်ခန်းစာများ အဆင့်မြှင့်တင် ရေးဆွဲပြုစုမှုများ၊ ဘာသာရပ်ပညာ အရည်အချင်းမြင့်မားသူများကို ပညာရေးနည်းပညာ အထူးသင်တန်းဖွင့်လှစ်လေ့ကျင့်ပေးပြီး အခြေခံပညာအထက်တန်းကျောင်းများတွင် အထက်တန်းပြများအဖြစ် နေရာချထားပေးမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

စီမံဆောင်ရွက်

အထူးသဖြင့် ပညာရည် အရည်အသွေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညီညီမျှမျှ မြှင့်တင်ပေးနိုင်စေရန်အတွက် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ သင်ကြားရာ၌ ယင်းဘာသာရပ်များဖြင့် ဘွဲ့ရခဲ့သည့် ဆရာ ဆရာမများဖြင့်သာ သင်ကြားနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဆရာများ၏ ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာနှင့် လက်မှတ်သင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင်ဆရာ ဆရာမများအတွက်လည်း ဆရာအတတ်သင်လက်မှတ်နှင့် ပညာရေးဘွဲ့သင်တန်းများ၊ မဟာပညာရေးဘွဲ့နှင့် မဟာဒဿနပညာရေးဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

အရည်အသွေး မြင့်မားထက်မြက်

ယခုဆိုလျှင် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ (D.T.Ed) သင်တန်းများ၊ ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာ (DTEC) သင်တန်းများ၊ ပညာရေးတက္ကသိုလ်များ၌ (B.Ed) သင်တန်းများ၊ ဘွဲ့ရပြီးသူများ တက်ရောက်နိုင်သည့် ဘွဲ့လွန်ဆရာအတတ်ပညာ ဒီပလိုမာ (PGDT) သင်တန်းများ၊ မီဒီယာအတတ်ပညာဘွဲ့လွန်(ပညာရေး) ဒီပလိုမာ (PGDMA) သင်တန်းများ၊ အခြားတက္ကသိုလ်များမှ မဟာဘွဲ့ရရှိပြီးသူများအတွက် လုပ်ငန်းခွင်အကြို ပညာရေးအတတ်ပညာအထူးလက်မှတ်ရ (Special Certificate in Educational Technology, SCET) သင်တန်းများ စသည့် ဆရာအတတ်ပညာသင်တန်းအမျိုးမျိုး ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာဆိုသည့် မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဝင်ရောက်နိုင်သော ဝင်ပေါက်အသွယ်သွယ်၊ တိုးပွားဖြစ်ထွန်းလာခဲ့သကဲ့သို့ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားထက်မြက်သည့် ဆရာများအဖြစ် ဂုဏ်ယူနိုင်ပြီလည်းဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် ဆိုလျှင်လည်း ပညာရပ်အသွယ်သွယ်၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးတက်မြင့်မားလာပြီဖြစ်သည့်အပြင် မဟာဘွဲ့သင်တန်း၊ မဟာသုတေသနဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဘာသာရပ်ကျွမ်းကျင်သော ပညာရှင်များနှင့် အရည်အချင်းမြင့်မားသည့် တက္ကသိုလ်ဆရာ၊ ဆရာမများ ပိုမိုတိုးပွား ပေါ်ထွန်းလာပြီဖြစ်သကဲ့သို့ ဆရာ ဆရာမများ၏ ဘဝရှေ့ရေး တိုးတက်မှုအခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာခဲ့ပြီဖြစ်ကြောင်း။

အားထုတ်ကြိုးစား

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ဆရာအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ဆရာများ၏ တက်ကြွသော ဦးဆောင်ပါဝင် ဆောင်ရွက်နိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အစီအမံများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဆရာ၊ ဆရာမများအပိုင်းကလည်း နိုင်ငံတော်နှင့်တကွ မိဘပြည်သူများ၏ မိမိတို့အပေါ် ယုံကြည်အားထားမှုကို လေးစားစွာခံယူပြီး မိမိတို့၏ ပညာရေးဆိုင်ရာတာဝန်များကို အားသွန်ခွန်စိုက် အားထုတ်ကြိုးစား ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာ၊ ဆရာမများသည် လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းတာဝန်များကို ယုံကြည်အပ်နှင်းခြင်းခံရသည့် မွန်မြတ်သော ပုဂ္ဂိုလ်များဖြစ်သည့်အပြင် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများနှင့် ကမ္ဘာ့လူရည်မွန်များ ပြုစုပျိုးထောင်ပေးရေးလုပ်ငန်းများတွင် မိမိ၏ဘဝကို နှစ်မြှုပ်ပြီး ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် လေးစားဂုဏ်ပြုထိုက်သော ဂုဏ်ဒြပ်ဖြင့် ပြည့်စုံကြပြီးဖြစ်ကြောင်း။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ‘ဆရာ’ဆိုသည့် ဂုဏ်ဒြပ်သည် ပင်ကိုအားဖြင့် ကြည်ညိုလေးစားဖွယ်၊ ဂုဏ်ပြုပူဇော်ဖွယ် ဂုဏ်ရည်များဖြင့် ပြည့်ဝပြီးဖြစ်ကြောင်း၊ ပညာကိုအလေးအမြတ်ထားသည့် မြန်မာ့လူ့ဘောင်၌ ပညာကိုသင်ကြားပေးသော ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံထိုက်သည့် ပုဂ္ဂိုလ်များအဖြစ် တန်ဖိုးထား ကြည်ညိုလေးစားကြ။

ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ပိုင်ဆိုင်ပြီးဖြစ်သည့် **'မြတ်ဆရာ'**ဆိုသော ဂုဏ်ဒြပ်နှင့်အညီ မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသ၊ လူ့အဖွဲ့အစည်းတွင် ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာ ပြည့်ဝမြင့်မားစွာဖြင့် လေးစားအတုယူထိုက်သော စံနမူနာပြပုဂ္ဂိုလ်များ၊ ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်ထွန်းလာအောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သော ဥယျာဉ်မှူးကောင်းများအဖြစ် တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရအောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယင်းကဲ့သို့ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားတွင် အနာဂတ်နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ဖော်ဆောင်ပေးကြမည့် ကျောင်းသူကျောင်းသားလူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လေ့ကျင့်ပုံဖော်ပေးနေကြသည့် ဆရာ၊ ဆရာမအားလုံးကို နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့် ဖွဲ၊လုံ့လ၊ဝီရိယအရင်းခံဖြင့် မိမိတို့ တာဝန်ကျရာ ရပ်ရွာဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု အလေးအနက် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များဖြစ်ကြသည့် ယူနက်စကို၊ ယူအင်န်ဒီပီ၊ အိုင်အယ်လ်အိုနှင့်ယူနီဆက်ဖ်အဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များကပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို လူတိုင်းအတွက် ပညာရေးဆိုင်ရာ နိုင်ငံအဆင့် ပေါင်းစပ်ညှိနှိုင်းရေးမှူး ဦးတင်ညိုက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"အိုဘယ့် မြတ်ဆရာ"**သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍ ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးလေးဦးနှင့် ထူးချွန် ဆရာ ဆရာမလေးဦးတို့၏ အမည်စာရင်းနှင့် ၎င်းတို့၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးများဖြစ်ကြသည့် မန္တလေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်စိန်၊ ရန်ကုန်နိုင်ငံခြားဘာသာသိပ္ပံ အငြိမ်းစားကျောင်းအုပ်ကြီး မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းအောင်ထွန်း၊ အခြေခံပညာဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးတင်ဖေနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့ အငြိမ်းစားဥက္ကဋ္ဌ ဦးမောင်မောင်စိန်ကိုယ်စား မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့အားလည်းကောင်း၊ ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ ထူးချွန်ဆရာ ဆရာမများဖြစ်ကြသော ဧရာဝတီတိုင်း ဇလွန်မြို့နယ် ဖားလက်ခို အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးတင်ဌေး၊ ကြံခင်းမြို့နယ် လယ်ကြီးကွင်း အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးမျိုးခိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းမှ အငြိမ်းစားကျောင်းအုပ်ကြီး ဦးသန်းအေးနှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်သန်းတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် **"အနန္တဂိုဏ်းဝင် ကျေးဇူးရှင်"** ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်အဝေးသင်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာချိုချိုတင့်(မတင့်–မြန်မာစာ)၊ ဒုတိယဆုရ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာသန်းဝင်း (မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)နှင့် တတိယဆုရ ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး–မြန်မာစာ)တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်ကြင်ကြင်မြ (ကြင်ကြင်မြ–ပညာရေး)၊ ဒုတိယဆုရ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံ ပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မိုးမိုးခိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း(တူးမာ–ပညာရေး)တို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မေလှိုင်ဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စာဘူးတောင်း အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဇင်နုနုထွေးနှင့် တတိယဆုရ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဇင်ရီမြိုင်တို့အားလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ကြို့ကိုးပင်အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ဖြူမာဝင်း(လှိုင်အေးချမ်းကျော်)၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၃)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ကြီး ဦးဘညွန့်(ကျွန်းစဉ်မြေ–စောခက်)နှင့် တတိယဆုရ ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မြမြဝင်း(မြမြဝင်း–ပညာရေး)တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံး ပြိုင်ပွဲတွင် **"ဆရာ့စေတနာ ဆရာ့မေတ္တာ"**ခေါင်းစဉ်ဖြင့် ပထမဆုရ ပုသိမ်ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ဒုတိယနှစ်မှ မပြည့်ပြည့်စိုး၊ ဒုတိယဆုရ ရန်ကင်းပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်း ဒုတိယနှစ်မှ မသန္တာဦးနှင့် တတိယဆုရ မုံရွာပညာရေးကောလိပ်လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်းမှ မောင်ကျော်ခင်စိုး၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မသက်ထက်အောင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မမြတ်အေးငြိမ်းခိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသက်ဆွေဇင်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ဆည်ရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဇော်စုစုအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မလှယမင်းဖြိုးနှင့် တတိယဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူမိဝင့်ရည်မွန်တို့အားလည်းကောင်း၊ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲတွင် **"မြင့်မြတ်ပေစွ ဆရာ့ဘဝ"**ခေါင်းစဉ်ဖြင့် ပထမဆုရ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ တတိယနှစ်သင်တန်းသား မောင်ထွန်းထွန်း၊ ဒုတိယဆုရ ပြည်မြို့ ပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ ဒုတိယနှစ်သင်တန်းသူ မအေးစန္ဒာနှင့် တတိယဆုရ မုံရွာပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ ဒုတိယနှစ်သင်တန်းသား မောင်အောင်ကိုမင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ မွန်ပြည်နယ် မုဒုံမြို့နယ် ပိန္နဲတိုက် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အဋ္ဌမတန်းကျောင်းသူ မဝတ်ရည်ဦးနှင့် တတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မချမ်းမြေ့သူ၊ အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဆုဇင်ဇင်စိုး၊ ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဝင်းရွှေစင်သိမ့်နှင့် တတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မယမင်းဦးတို့အားလည်းကောင်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အသီးတစ်ရာ အညွှာတစ်ခု တေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆရာကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပညာရေးဝန်ကြီးဌာန ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်း၊ ဆုရကဗျာ၊ စာစီစာကုံး၊ ဆောင်းပါးများနှင့် ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၏ ပညာရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တစ်နှစ်တာဆောင်ရွက်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၁ရက် ညနေပိုင်းက ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပုသိမ်ခရိုင်၊ ဖျာပုံခရိုင်၊ မအူပင်ခရိုင်၊ မြောင်းမြခရိုင်နှင့် ဟင်္သာတခရိုင်တို့မှ အသင်းအတွင်းရေးမှူးများနှင့် မြို့နယ် အသင်းအတွင်းရေးမှူးများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆောင်ရွက်ပေးမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ကာကွယ်တိုက်ဖျက်

ယင်းနောက် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က ခရိုင်နှင့်မြို့နယ်အလိုက် အသင်းအတွင်းရေးမှူးများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး တစ်နှစ်တာအတွင်းဆောင်ရွက်ခဲ့သော ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှုအခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တင်ပြချက်များအပေါ်လိုအပ်ချက်များညှိနှိုင်းဆောင်ရွက်ပေးပြီး**(အောက်ပုံ)** အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရိယတ္တိသဒ္ဓမ္မာရုံ (လွတ်လပ်ရေးကျောင်းတိုက်) တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း လွတ်လပ်ရေးကျောင်းတိုက်ကြီး စာသင်ဆောင် အသစ်တည်ဆောက်လျက်ရှိရာ ပထမအကြိမ် အလှူရှင်များ၏ လှူဒါန်းငွေဂုဏ်ပြု အနုမောဒနာ မှတ်တမ်းပေးအပ်ခြင်း အခမ်းအနားတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ အောက်တိုဘာ ၆ရက်ညတွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၇ရက်ညတွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာကောဝိဒ၊ ၈ရက်ညတွင် တောင်စွန်း ဓမ္မဘေရီဆရာတော် အရှင်ဝီရိယ၊ ၉ရက်ညတွင် တွံတေး ဆရာတော် အရှင်ဣန္ဒ၊ ၁၀ရက်ညတွင် စစ်ကိုင်း ခင်မကန်ဆရာတော် ဦးခေမိန္ဒတို့က ညစဉ်၇နာရီမှစ၍ ဟောကြားတော်မူမည်ဖြစ်သည်။

စာသင်ဆောင်အသစ် ပြန်လည်တည်ဆောက်ရာတွင် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဖုန်း–၀၁–၇၀၅၄၁၆ လွတ်လပ်ရေးကျောင်း တိုက်ဆရာတော်ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေး အကောင်အထည်ဖော် လုပ်ငန်းတာဝန်များ စိတ်စေတနာကောင်းဖြင့်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၃၀ရက် နံနက် ၈နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ဝိုင်းဝန်းဖော်ဆောင်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများ အားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနအကြီးအကဲများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြပြီး သုံးသပ်တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာတမ်းများပြုစုတင်ပြ

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ ငွေစုဘဏ်အပ်ငွေ တိုးတက်ရေးအပေါ် သုံးသပ်တင်ပြချက် စာတမ်းများကို အသီးသီးဖတ်ကြား တင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)အနေဖြင့် ပြည်နယ်၊ တိုင်း မန်နေဂျာများ၏ ဘဏ်လုပ်ငန်း ဆောင်ရွက်ချက်များဆိုင်ရာ သုံးသပ်ချက်များကို စုစည်းပြီး ဘဏ်လုပ်ငန်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စာတမ်းကို ပြုစုတင်ပြရန် မှာကြားသည်။ **(သတင်းစဉ်)**

မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်မှုကွင်းဆင်း

ရန်ကုန် အောက်တိုဘာ ၅

မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၂၉ ရက်က ဦးစီးအရာရှိ ဦးမင်းဆွေ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စက်မှုတက္ကသိုလ်(မြို့ပြ) မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၅

စက်မှုတက္ကသိုလ်(မြို့ပြ) ၁၉၈၇မှ ၁၉၉၁ အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၇ရက် (စနေနေ့) ညနေ ၃နာရီခွဲမှ ညနေ ၆နာရီခွဲအထိ တက္ကသိုလ်ရိပ်သာလမ်း လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ကိုဝင်းနိုင်ထွန်း ဖုန်း–၀၉–၅၀၀၃၂၈၁၊ ကိုကိုထွေး ဖုန်း–၀၉–၉၈၂၅၆၄၉၊ ကိုအောင်မြင့်(ဂျိုးသိန်း) ဖုန်း–၀၉–၈၀၂၂၃၉၄၊ မရင်ကြည် ဖုန်း–၂၁၁၉၆၁၊ ကိုသန်းဝင်း ဖုန်း–၀၉–၅၀၁၇၄၂၅၊ ကိုအုန်းမြင့် ဖုန်း–၀၉–၅၀၁၂၉၀၄၊ ကိုကိုအေး ဖုန်း–၀၉–၅၀၁၉၀၇၀နှင့် မမော်မော်ကြည် ဖုန်း–၀၉–၈၀၂၀၉၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားသောနေ့ဖြစ်သည်။ ထိုနေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ထားကြသည်။

အဘိဓမ္မာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ အမေ့မေတ္တာ၊အမေ့ကျေးဇူး ဆပ်ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့သောနေ့လည်းဖြစ်သည်။

ကြီးမားသော အမေ့မေတ္တာကြောင့် အဘိဓမ္မာအခါတော်နေ့ ဖြစ်လာခဲ့သည်ဆိုလျှင် မှားမည်မထင်ပါ။ အမေ့ကျေးဇူးဆပ်သော ဓမ္မသဘင်၌ မြတ်ဗုဒ္ဓက အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် အမေနှင့် အဘိဓမ္မာတရားသည် ဆက်နွှယ်မှုရှိနေပါသည်။

ဆက်နွှယ်မှုရှိနေသော အကြောင်းရင်းကို ပြန်ပြောင်းပြောရလျှင် မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် တိတ္ထိတို့ နှိမ်နင်းရာ သရက်ဖြူပင်ရှိရာအရပ် ကောင်းကင်တွင် ရေမီးအစုံစုံသော တန်ခိုးပြတော်မူပါသည်။ တန်ခိုးပြတော်မူပြီး မိခင်တော်စပ်ခဲ့ဖူးသော သန္တုဿိတနတ်သားကို ကျေးဇူးဆပ်ရန် တန်ခိုးပြတော်မူရာ ရတနာစင်္ကြံထက်မှ တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း သုံးဖဝါးဖြင့် ကြွတော်မူပါသည်။ နှစ်လှမ်းသုံးဖဝါးကို ရေတွက်ပြရသော်–

"ရတနာစင်္ကြံထက်မှ ယုဂန္ဓိုရ်တောင်ထိပ်သို့ တစ်လှမ်း"

"ယုဂန္ဓိုရ်တောင်ထိပ်မှ မြင်းမိုရ်တောင်ထိပ်သို့ တစ်လှမ်း"

အားဖြင့် နှစ်လှမ်းဖြစ်၏။

ဤသို့ဖြင့်–

"ရတနာစင်္ကြံထက်၌ ဖဝါးတော်တစ်ခု"

"ယုဂန္ဓိုရ်တောင်ထိပ်၌ ဖဝါးတော်တစ်ခု"

"မြင်းမိုရ်တောင်ထိပ်၌ ဖဝါးတော်တစ်ခု" သုံးဖဝါးဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားချီးမြှင့် (အမေ့ကျေးဇူးဆပ်)သောခရီးကို ကြိုဆိုသောအားဖြင့် ယုဂန္ဓိုရ်တောင်နှင့် မြင်းမိုရ်တောင်တို့က ကိုင်းညွှတ်၍ ဗုဒ္ဓခြေဖဝါးတော်အောက် အရောက်လာကြကာ လိုရာခရီးကို ပို့ပေးတော်မူလေသည်။ တာဝတိံသာနတ်ပြည်ကို ရောက်တော်မူသောအခါ အလျား ယူဇနာခြောက်ဆယ်၊ အနံယူဇနာငါးဆယ်၊ အထုဆယ့်ငါး ယူဇနာရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်တွင် ဝါကပ်တော်မူပါသည်။ ထိုဝါသည် မြတ်ဗုဒ္ဓ၏ ခုနစ်ဝါမြောက်ဖြစ်သည်။

မြတ်ဗုဒ္ဓသည် အမေ့ကျေးဇူးဆပ်သော တရားတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းဖြစ်သည်။ အဘိဓမ္မာ ခုနစ်ကျမ်းကို–

(၁) ဓမ္မသင်္ဂဏီ၊
(၂) ဝိဘင်း၊
(၃) ဓာတုကထာ၊
(၄) ပုဂ္ဂလပညတ်၊
(၅) ကထာဝတ္ထု၊
(၆) ယမိုက်
(၇) ပဋ္ဌာန်းကျမ်းဟူ၍ ရေတွက်ရပါမည်။

မြတ်ဗုဒ္ဓ၏ အမေ့ကျေးဇူးဆပ်ခရီးတွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုဿိတနတ်သားကို အကြီးအမှူးပြုပြီး တစ်သောင်းသော စကြဝဠာတိုက်မှ နတ်၊ ဗြဟ္မာအပေါင်းတို့ လာရောက်ကာ အဘိဓမ္မာတရားတော်ကို နာယူကြပါသည်။

အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူသော မြတ်ဗုဒ္ဓသည် ဆွမ်းခံချိန်မှာ တရားဟောမပျက်စေရန် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းပြီး ဟောကြားစေသည်။ မြတ်ဗုဒ္ဓသည် လူ့ပြည်သို့ ဆွမ်းခံကြွတော်မူရာ အနောတတ်အိုင် နံ့သာပင်ကြီးအနီးသို့ ဆင်းသက်တော်မူကာ ဆေးဒန်း မြင်းသီလာကျောက်မြေအရပ်၌ ရပ်တော်မူပါသည်။ ဆွမ်းခံကြွတော်မူသည့် အရပ်သည် မြောက်ကျွန်းဖြစ်သည်။

ထိုအခါ ဟိမဝန္တာ၌ နေကြသော နဂါးတို့သည် နဂလတာမည်သော ကွမ်းရိုးဒန်ပူကို ကပ်လှူကြသည်။ မြတ်ဗုဒ္ဓသည် ဒန်ပူကိုခံယူပြီး အနောတတ်အိုင်သို့သက်ကာ မျက်နှာ၊ ခံတွင်းတို့ကို သန့်တော်မူလေသည်။ ထို့နောက် မြကျောက်ဖျာပေါ်၌ တိမ်နီလာအဆင်းနှင့်တူသော အလွန်နီမြန်းသော သင်္ကန်းကိုပြင်ဝတ်ပြီး နတ်မင်းကြီးလေးဦး ကပ်လှူသော ပတ္တမြားသပိတ်ကို ဆောင်ယူတော်မူ၍ မြောက်ဥတ္တရကုရု ကျွန်းသို့ ဆွမ်းအလို့ငှာ ကြွတော်မူပါသည်။

ကျွန်းသူကျွန်းသားတို့သည် မိမိတို့ကိုးကွယ်သော နတ်မင်းဟူသော အသိဖြင့် ဝမ်းမြောက်စွာ နတ်သုဒ္ဓါဆွမ်းကို ကပ်လှူကြပါသည်။ မြတ်ဗုဒ္ဓသည် မွှတလောက်သောဆွမ်းကိုရလျှင် အနောတတ်အိုင်အနီးသို့ ကြွ၍ ဘုဥ်းပေးတော်မူပါသည်။ ဆွမ်းဘုဥ်းပေးပြီး စန္ဒကူးနံ့သာတောမှာ နေသန့်တော်မူသည်။

ဤအခြင်းအရာကိုသိသော ဓမ္မဒေသနာပတိ အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓထံ လျှင်စွာလာပြီး ခြေဆုပ်လက်နယ်ပြုခြင်း၊ သောက်ရေသုံးရေ တည်တော်မူခြင်းစသော ဝတ်ကြီးဝတ်ငယ်ကို ပြုတော်မူပါသည်။

မြတ်ဗုဒ္ဓသည် အရှင်သာရိပုတ္တရာအား "သာရိပုတ္တရာ ဤမျှလောက်သော တရားတို့ကို နတ်ဗြဟ္မာတို့အား ဟောကြားခဲ့ပြီ"ဟု မိန့်တော်မူကာ အကျဉ်းအားဖြင့် ဟောကြားတော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်လည်း ပညာဉာဏ်ကြီးသောပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ ဟောကြားတော်မူသော အကျဉ်းမျှသောတရားကို အကျယ်သိတော်မူပါသည်။

အရှင်ပါမောက္ခ (ကြို့ပင်ကောက်)

အရှင်သာရိပုတ္တရာမထေရ်လည်း မြတ်ဗုဒ္ဓထံမှ သင်ယူလာခဲ့သမျှသော အဘိဓမ္မာဒေသနာကို မဇ္ဈိမဒေသသို့ ဆောင်တော်မူခဲ့ပြီး လင်းနို့သား ဖြစ်ခဲ့ဖူးသော တပည့်ငါးရာတို့အား အစဉ်အတိုင်း ပြန်လည်ဟောကြား ပါသည်။ ထိုအချိန်မှစ၍ လူ့ပြည်၌ အဘိဓမ္မာတရား ထွန်းကားပြန့်ပွား ခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် စန္ဒကူးနံ့သာတော၌ နေသန့်စင်ပြီး ညချမ်းအချိန်တွင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အစဉ်အတိုင်းသော အဘိဓမ္မာ ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူပါသည်။ ဤကဲ့သို့ မြတ်ဗုဒ္ဓလူ့ပြည်သို့ကြွပြီး ဆွမ်းအာဟာရမှီတင်းကြောင်းကို တန်ခိုးနည်း သောနတ်တို့မသိ၊ တန်ခိုးကြီးသောနတ်တို့သာ သိကြသည်။

မြတ်ဗုဒ္ဓသည် အဘိဓမ္မာ ခုနစ်ကျမ်းကို မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်ကျော်၁ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့တိုင် သုံးလကြာမျှ ဟောကြားခဲ့သည်။ ကုဋေရှစ်သောင်းသော နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ခဲ့လေသည်။

သီတင်းကျွတ်လပြည့်နေ့ မတိုင်မီ ခုနစ်ရက်အလိုတွင် မြတ်ဗုဒ္ဓသည် "ချစ်သား မောဂ္ဂလာန် ငါဘုရားသည် သီတင်းကျွတ်လပြည့်နေ့ မဟာ ပဝါရဏာနေ့၌ **'သင်္ကဿနဂိုရ်ပြည် မြို့တံခါး'**၌ ဆင်းသက်ပေအံ့။ ငါဘုရားကို ဖူးမြင်လိုသူအပေါင်းတို့သည် ထိုသင်္ကဿနဂိုရ်ပြည်သို့ လာကြစေကုန်သတည်းဟူ၍လည်းကောင်း၊ သာဝတ္ထိပြည်မှ သင်္ကဿနဂိုရ် ပြည် မြို့တံခါးတိုင်အောင် သုံးဆယ့်ခြောက်ယူဇနာ ရှိကုန်၏။ ဤခရီး အကြား၌ တစ်စုံတစ်ယောက်သောသူမျှ လမ်း၌ စားနပ်ရိက္ခာ ဆောင်ယူ လိမ့်မည်မဟုတ်။ ဥပုသ်စောင့်သုံး၍ ငါဘုရားကို ဖူးမြင်ကြကုန်လတ္တံ့ဟု လည်းကောင်း ထိုပရိသတ်တို့ကို ပြောကြားလော့"ဟု မိန့်တော်မူပါ သည်။ ရှင်မောဂ္ဂလာန်လည်း ဝန်ခံပြီး မြတ်ဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း ဆောင်ရွက်လေသည်။

မြတ်ဗုဒ္ဓသည် သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုပြီး သိကြား မင်းအား လူ့ပြည်ခရီးသို့ကြွရန် မိန့်ကြားတော်မူသည်။ သိကြားမင်းလည်း ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်းသုံးသွယ်ကို မြတ်ဗုဒ္ဓ ဆင်းကြွရန်ဖန်ဆင်းပေးပါသည်။ ထိုစောင်းတန်း သုံးသွယ်တို့တွင် မြတ်ဗုဒ္ဓ သည် ပတ္တမြားစောင်းတန်းဖြင့် လက်ယာနံပါး ရွှေစောင်းတန်းဖြင့်နတ်တို့ ခြံရံလျက် လက်ဝဲငွေစောင်းတန်းမှာ ဗြဟ္မာတို့ခြံရံလျက် တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည် မြို့တံခါးသို့ ဆင်းကြွတော်မူလေသည်။

မြင်းမိုရ်တောင်ထိပ်၌ မြတ်ဗုဒ္ဓသည် ရပ်တော်မူလျက် တာဝတိံသာ နတ်ပြည်မှ ဆင်းကြွသောအခါ ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ အထက်သို့ ကြည့်တော်မူသည်။ ထိုအခါ ဗြဟ္မာ့ပြည်တိုင် အောင် တစ်ပြင်တည်းသာဖြစ်သည်။ ထို့နောက် အောက်သို့ကြည့် တော်မူသောအခါ အဝီစိတိုင်အောင် တစ်ပြင်တည်းသာဖြစ်ပြန်သည်။ နတ်တို့သည် လူတို့ကို၊ လူတို့သည်နတ်တို့ကို အပြန်အလှန် မြင်ကြရ ကုန်သည်။ မြတ်ဗုဒ္ဓလည်း ရောင်ခြည်တော်ခြောက်သွယ်ကို ကွန့်မြူး၍ ကြွတော်မူသည်။

"ထိုနေ့ ထိုအချိန်က မြတ်ဗုဒ္ဓရဲ့ အသရေတော်ကို ဖူးမြင်ရသော (၃၆)ယူဇနာ အကျယ်အဝန်းရှိ ပရိသတ်၌ တစ်ဦးမျှ ဘုရားအဖြစ် မတောင့်တသောသူ မရှိချေ။"

လူနတ်ဗြဟ္မာအပေါင်းတို့လည်း ဆီမီး၊ ပန်းနံ့သာ၊ တူရိယာမျိုးစုံ တို့တီးမှုတ်လျက် ကြိုဆိုကြကာ အတိုင်းမသိပူဇော်ကြလေသည်။

မြတ်ဗုဒ္ဓသည် စောင်းတန်းသုံးသွယ်ဖြင့် နတ်ဗြဟ္မာတို့ခြံရံလျက် လူ့ပြည်သို့ဆင်းကြွတော်မူတဲ့အခါ ဂန္ဓဗ္ဗနတ်သားက ဗေဠုဝစောင်းကို ပိုက်လျက် ဂန္ဓဗ္ဗစောင်းသံဖြင့် လိုက်ပါပူဇော်သည်။ မာတလိနတ်သား က လက်ဝဲနံပါး၌တည်၍ နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့် လိုက်ပါ ပူဇော်သည်။ ဗြဟ္မာမင်းကြီးက ထီးမိုး၍၊ သုယာမနတ်သားက သားမြီး ယပ်ကိုခတ်လျက် လိုက်ပါပူဇော်ကြသည်။ အရှင်သာရိပုတ္တရာ မထေရ် လည်း မြတ်ဗုဒ္ဓ၏ အတုမဲ့သောအသရေတော်ကို ဖူးမြင်ရသောအခါ–

န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ န သုတော ဥဒကဿမိ။
ဧဝံ ဝဂ္ဂုဒေါ သတ္ထာ၊ တုသိတာ ဂဏိမာ ဂတော။ ။

အစရှိသော ဂါထာဖြင့် အံ့ဩဘနန်း ပူဇော်ပါသည်။

အဓိပ္ပာယ်မှာ "တုသိတာနတ်ပြည်မှ လူအပေါင်းစုံညီ သင်္ကဿနဂိုရ် ပြည်သို့ ဆင်းကြွတော်မူသည်ဖြစ်၍ ဤကဲ့သို့ထွန်းတောက်သော အသရေတော်တို့ဖြင့် တင့်တယ်ကောင်းမြတ်သော ငါတို့ဆရာ မြတ်ဗုဒ္ဓကို ယနေ့မှ ရှေးအခါ၌ ငါသည်မမြင်ဖူးရ။ တစ်စုံတစ်ယောက်သောသူ ထံမှ မကြားရခဲ့ပါတကား"ဟုရွတ်ဆိုပူဇော်လျက် မြတ်စွာဘုရား နတ်လူ တို့သည် ရှင်တော်မြတ်ဘုရားအား ချစ်မြတ်နိုးကြပါကုန်၏။ တောင့်တကြ ပါကုန်၏ဟု လျှောက်ထားလေသည်။

ထိုနေ့ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်တို့သည် နှစ်စဉ်သီတင်းကျွတ် လပြည့်(အဘိဓမ္မာအခါတော်နေ့)ရောက်တိုင်း ဆီမီး၊ ပန်းနံ့သာတို့ဖြင့် မြတ်ဗုဒ္ဓကို ပူဇော်မှုပြုခဲ့ကြသည်။ ဗုဒ္ဓသာသနာတည်သမျှ အဘိဓမ္မာ အခါတော်နေ့သည် ရှိနေဦးမည်ဖြစ်သည်။ အဘိဓမ္မာအခါတော်နေ့ ရောက်တိုင်း မြတ်ဗုဒ္ဓ၏ အမေ့ကျေးဇူးဆပ်ခရီး အောင်ပွဲကို ကြိုဆို ပူဇော်မြဲ၊ ကြိုဆိုပူဇော်နေဦးမည်သာ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓသာသနာနေအထောင် လအထောင်ပမာ ထွန်းလင်း ပြောင်၍ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းရင်း အဘိဓမ္မာအခါတော်နေ့ကို ပူဇော်ဆင်နွှဲကြပါစို့–––။

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလေးအမြတ်ထားသောနေ့ဖြစ်။ ထိုနေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ထားကြ။ အဘိဓမ္မာအခါတော်နေ့သည် မြတ်ဗုဒ္ဓ၏ အမေ့မေတ္တာ၊ အမေ့ကျေးဇူးဆပ်ခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်ခဲ့သော နေ့လည်းဖြစ်။ ကြီးမားသောအမေ့မေတ္တာကြောင့် အဘိဓမ္မာအခါတော်နေ့ဖြစ်လာခဲ့။ အမေ့ကျေးဇူးဆပ်သော ဓမ္မသဘင်၌ မြတ်ဗုဒ္ဓက အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၁၀–၂၀၀၆
(သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း–၁)
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	မိသားစု တနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
၇:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅	ချစ်စရာ့ရွှေကျောင်
၇:၅၅	မိုးလေဝသခန့်မှန်းချက်
၈:၀၀	Fashion Fever (ဒီဇိုင်နာခင်စန်းဝင်း၏ သတို့သမီးဖက်ရှင်–၂)
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘာတောင်တော်မှာ
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	Myanmar Video Rhythm
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	သာဓုခေါ်စေသောဝ် အလင်းအလှူတော်
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	Midweek Sports News
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	တန်ခိုးတော်ထင်ရှား ကျိုက္ခမီ ဆုတောင်းပြည့် ရေလယ်ဘုရား
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	သူချစ်ကိုယ်ချစ် မေတ္တာစစ် တရားတော် (အရှင်ဆေကိန္ဒ) (အပိုင်း–၂)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Euro Qualifier (Under 21) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၅၅	England-Germany	5-Sports(Live)

မင်္ဂလာဈေးမိသားစု စုပေါင်းဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၅

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ စာချစာသင်သံဃာတော် အပါး၄၆၀တို့အား မင်္ဂလာဈေး မိသားစုနှင့် ဓမ္မမိတ်ဆွေများစုပေါင်း၍ ဒုတိယအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို (သီတင်းကျွတ် လပြည့်ကျော် ၁ ရက်)အောက်တိုဘာ ၇ရက်တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရွှေပြည်သာ သာသနဒီပံ တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်းသာသနဒီပံမဟာစည်ရိပ်သာ၌အောက်တိုဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများ ရိပ်သာ ဖုန်း–၇၀၇၄၉၇ သို့ ဆက်သွယ်၍ စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။

(က–ပ)

အသက်အိုးအိမ်နှင့် နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းစေရန်ရည်ရွယ် ဧရာဝတီတိုင်း သဘာဝဘေးကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၅

ဧရာဝတီတိုင်း သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသည်။

မှာကြား

အစီအစဉ်အရ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကြုံတွေ့ရတတ်သော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိအမြင်ကြွယ်ဝစေရန်၊ ကြုံတွေ့ပါက အသက်အိုးအိမ်နှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းအတွင်း လေဘေးနှင့် ရေဘေးအန္တရာယ်များမှာ ပိုမိုကြုံတွေ့ရတတ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အစိုးရပိုင်၊ ပြည်သူပိုင်အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားတတ်သဖြင့် နိုင်ငံတော်အဆင့်မှ ရပ်ကွက်ကျေးရွာအဆင့်အထိ သဘာဝဘေးလျော့ပါးစေရေး ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်ရေးဆွဲပြီး ကော်မတီဝင်များ ဖွဲ့စည်းကာ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် တိုင်းဖြစ်၍ သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပျက်စီးမှုလျော့နည်းစေရန်အတွက် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ရာ စနစ်တကျသင်ယူကြရန် လိုအပ်ကြောင်း အကျယ်တဝင့် မှာကြားခဲ့သည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘနှစ်ပါးဖြစ်သောဦးသိန်းမောင် - ဒေါ်လုကြင် တို့အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၈ မိုင် မောရဝတီလမ်း အမှတ် (၁၂၇ - H) နေ ဒေါ်တင်မာမာခိုင်နှင့်သားသမီးများက ဒဂုံမြို့နယ် အမှတ် (၁၆) စကား၀ါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသော ဒုတိယအကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံ ဆင်းရဲချို့တဲ့မှု ပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၃ရက်က နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့၌ကျင်းပသော ဒုတိယအကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံ ဆင်းရဲချို့တဲ့မှုလျော့ချရေး အဆင့်မြင့် အစည်းအဝေးကို စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီတွင်ကျင်းပရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီမှ ဒုတိယဝန်ကြီးချုပ် မစ္စတာဟွေလျှံယုက ဖွင့်လှစ်ပေးပြီး အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် အစည်းအဝေး ဒုတိယပိုင်းတွင် သဘာပတိအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော ဆင်းရဲချို့တဲ့မှုလျှော့ချရေး လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ ကျေးလက်လမ်းများ ဖောက်လုပ်ရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။ **(အောက်ဝဲပုံ)**

ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ စီစဉ်မှုဖြင့် စက်တင်ဘာ ၂၇ရက်တွင် ယူနန်ပြည်နယ် ဆီမောက်ပြည်နယ်ခွဲမှ ရင်ပန့်ရှန် ဖွံ့ဖြိုးရေးဇုန်သို့ သွားရောက်၍ အခြားဒေသမှ ရွှေ့ပြောင်းရောက်ရှိလာသော လက်ဖက်တောင်သူများ၏ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

လေ့လာ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့များနှင့်အတူ ဆစ်ဆောင်ဘာနာ ပြည်နယ်ခွဲ ကျင်းဟုန်မြို့အနီး ဂျီနိုလူမျိုးစုများနေထိုင်သည့် ဘာပေါင်ရွှေ့ပြောင်းကျေးရွာသို့ သွားရောက်လေ့လာကြသည်။ ဆက်လက်၍အပူပိုင်းသစ်တောဥယျာဉ်နှင့် အပူပိုင်းပန်းဥယျာဉ်တို့ကို သွားရောက် လေ့လာကြသည်။ **(သတင်းစဉ်)**

စင်ကာပူနိုင်ငံ PSB Academy မှ အင်ဂျင်နီယာဘွဲ့ကြိုပညာသင်ဆုများ ပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၅

စင်ကာပူသမ္မတနိုင်ငံ PSB Academyနှင့် ဩစတြေးလျနိုင်ငံရှိ New-castleတက္ကသိုလ်တို့ ပူးပေါင်း၍ မြန်မာကျောင်းသားကျောင်းသူ ခုနစ်ဦးတို့အား စင်ကာပူဒေါ်လာ၂၀၅၀၀၀တန်ဖိုးရှိ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၅ရက်က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

လေးနှစ်တက်ရောက်သင်ယူရမည်

ထိုပညာသင်ဆုသည် အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းအတွက် ပေးအပ်ခြင်းဖြစ်ပြီး ယင်းဘွဲ့ကြိုသင်တန်းကို စင်ကာပူသမ္မတနိုင်ငံရှိ PSB Academy၌ လေးနှစ်ခန့်တက်ရောက်ကာ သင်ယူရမည်ဖြစ်၍ စင်ကာပူအင်ဂျင်နီယာအသင်း၊ ဩစတြေးလျအင်ဂျင်နီယာအသင်းတို့က တရားဝင်အသိအမှတ်ပြုထားသော ဘွဲ့သင်တန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ပညာသင်ဆုရရှိသူများမှာ မစိမ်းမြအေး၊ မရှန်လွန်းကျိန်၊ မောင်ဝေမိုးကျော်၊ မောင်ခိုင်ဇော်လွင်၊ မောင်ဇေယျာလင်း၊မတင်နွယ်အေးနှင့်မောင်နေမျိုးဟန်တို့ **(အောက်ပုံ)**ဖြစ်ကြောင်း သိရသည်။

ကြီးမှူးကျင်းပ

အဆိုပါ ပညာသင်ဆုများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chuaနှင့် PSB Academy မှ Senior Vice President & Principal, Ms. Lee Beng Choo တို့က ပေးအပ်ချီးမြှင့်ကြပြီး ယင်းပညာသင်ဆု လျှောက်ထားချီးမြှင့်ခြင်းအတွက် ရန်ကုန်မြို့ရှိ အိုအီးစီ ပညာရေးဝန်ဆောင်မှုလုပ်ငန်းက ကြီးမှူးကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားဇာတ်ကားသစ်ရုံဝင်လာ မိုက်တီးလေးများ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် အောက်တိုဘာ ၅

ဒါရိုက်တာ မိုက်တီး ရိုက်ကူးသည့် **မိုက်တီးလေးများ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်ပြသဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားသစ်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Gore Verbinsky ရိုက်ကူးသည့် Pirates of the Caribbean II Dead man's Chest နိုင်ငံခြားဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ ဂမ္ဘီရလမ်းညွှန် အိမ်မြှောင်ကို အသုံးပြု၍ ပင်လယ်ဓားပြများကို အမြစ်ပြတ်ချေမှုန်းလိုသူများနှင့် အဆိုပါလမ်းညွှန်အိမ်မြှောင်သုံး၍ ရတနာပစ္စည်းများကို အပိုင်စီးလိုသူများ၏ သည်းထိတ်ရင်ဖို ပင်လယ်ပြင် စွန့်စားခန်းများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ပြဆဲဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် Superman Returns၊ ရွှေဂုန်ရုံအပေါ်ထပ်တွင် ဗန်ဒိန်းပါဝင်သော Cyborg၊ ရွှေဂုန်ရုံမြေညီထပ်တွင် Dil to Pagal Hai မြို့မရုံ၌ Awara Paagal Deewana ဇာတ်ကားများပြသနေပြီး ဆုထူးပန်ရုံတွင် Abke bross ဝိညာဉ်ကလဲ့စားအိန္ဒိယ ဇာတ်ကား ပြသလျက်ရှိသည်။ ဘုရင့်ရုံတွင် မော်ဒန်အချစ်များ တစ်ကျော့ရုံဝင်လာသည်။

ရွှေဇပဟို၊ ဘုရင့်နောင်၊ ဧရာဝတီ၊ မြရတနာရုံများတွင် ကျော်ရဲအောင်၊ နေတိုး၊ မင်းဟိဏ်း၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည်၊ ဇူးဇူးမောင်တို့ပါဝင်ထားသော **နဂါးလမ်း** ဇာတ်ကား ဆက်လက်ပြသနေပြီး စံပြ၊ ရွှေမန်းနှင့် သီတာရုံများတွင် **အမုန်းကေသရီ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ **အမုန်းကေသရီ**တွင် မို့မို့မြင့်အောင်၊ သီတာချမ်းမြေ့၊ နှင်းဝတ်ရည်သောင်း၊ ဇူးဇူးမောင်၊ လိုင်ဖြူဖြူထွဏ်း စသည့် အမျိုးသမီး သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး အမျိုးသား သရုပ်ဆောင်များအဖြစ် ရွှေသွေး၊ နန္ဒကျော်စွာ၊ပိုင်မင်း၊မင်းကိုတို့ပါဝင်ထားသည့် အက်ရှင်ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

နဂါးလမ်းမှ ကျော်ရဲအောင်။

ကမ္ဘာတစ်လွှား အားကစား

အင်္ဂလန်အသင်း၏ ယူရိုခြေစစ်ပွဲ ပီတာခရောက်ချ်က ရွန်နေနှင့်တွဲကစားလို

လန်ဒန် အောက်တိုဘာ ၅

ယူရို ၂၀၀၈ ခြေစစ်ပွဲများကို အောက်တိုဘာ ၇ရက်နှင့် ၁၁ရက် ညပိုင်းတွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် အောက်တိုဘာ ၇ရက်တွင် အိုးထရက်ဖို့ဒ်၌ မက်ဆီဒိုးနီးယား အသင်းနှင့် ကစားရမည်ဖြစ်၍ အင်္ဂလန် တိုက်စစ်မှူး ပီတာခရောက်ချ်က ရွန်နေနှင့် တွဲ၍ အင်္ဂလန်ရှေ့တန်းတိုက်စစ်ကို ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ရွန်နေ။

ပီတာခရောက်ချ်။

ရွန်နေနှင့် ကစားရသည်မှာ ဂိုးသွင်းခွင့်များ ပိုမိုရရှိစေကြောင်း ပီတာခရောက်ချ်ကဆိုသည်။ မိမိတို့အတွဲအား ကစားခွင့် ပေးခဲ့လျှင် အကောင်းဆုံးကစားသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရွန်နေနှင့် ခရောက်ချ်တို့သည် ဂျာမနီကမ္ဘာ့ဖလားပွဲတွင် အတူကစားခဲ့ကြသူများဖြစ်သည်။ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားကွာတားဖိုင်နယ်တက်လာသည်မှာလည်း ရွန်နေ အနေဖြင့် အသင်းကို အမှန်တကယ်ထောက်ကူပေးခဲ့ကြောင်း ခရောက်ချ်က ပြောကြားသည်။ ခရောက်ချ်သည် အင်္ဂလန်အသင်းတွင် ၁၄ပွဲပါဝင် ကစားခဲ့ရာ၌ ၁၁ဂိုး သွင်းပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

၂၀၀၈ ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲ မန်စီးတီးကွင်း၌ ယှဉ်ပြိုင်ကစားမည်

မန်စီးတီးအားကစားကွင်း။

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၅

မန်စီးတီးအားကစားကွင်းကို ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီက ၂၀၀၈ ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲကစားရာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန်ရွေးချယ်လိုက်ပြီဖြစ်သည်။ ခနသဟာယအားကစားပွဲများကစားခဲ့သော အဆိုပါကွင်းကို၂၀၀၃ ခုနှစ် ဩဂုတ်လမှစ၍ မန်စီးတီး ကစားသမားများ ထိုကွင်း၌ကစားခဲ့ကြသည်။

ယှဉ်ပြိုင်ကစားမည်

၂၀၀၉ ခုနှစ် ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲကို အစ္စတန်ဘူလ်မြို့ရှိ ဆုခရူဆာရာကိုဂလူကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံလိဂ်

၂၀၀၈ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မော်စကိုမြို့ရှိ လတ်ဇ်နစ်ကီကွင်း၌လည်းကောင်း၊ ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရောမမြို့ရှိ စတာဒီယိုအိုလံပီကိုကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရွှေတံဆိပ်ဆွတ်ခူး

ကမ္ဘာ့အလေးမ ချန်ပီယံပြိုင်ပွဲကို ဒိုမီနီကန်သမ္မတနိုင်ငံ ဆန်တိုဒိုမင်ဂို မြို့၌ အောက်တိုဘာ ၄ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တရုတ်နိုင်ငံမှ လီဟောင်လီသည် အမျိုးသားအလေးမပြိုင်ပွဲ ၁၆၇ကီလိုတန်းတွင် ဤကဲ့သို့မကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ (အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)

အနားယူရန်မစဉ်းစားသေးဟု ဘက်ဟမ်းပြောကြား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် အောက်တိုဘာ ၅

ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ဟမ်းသည် နောက်ထပ် နှစ်နှစ်ကစားပြီးပါက ဘောလုံးသမားဘဝမှ အနားယူတော့မည်ဟူသော သတင်းကို ဒေးဗစ်ဘက်ဟမ်းက ငြင်းဆိုလိုက်သည်။

မသေချာ

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းသည် ရီးရဲမက်ဒရစ်၌ နောက်ထပ်နှစ်နှစ်အတွက် စာချုပ် ချုပ်ဆိုမှုများ ပြုလုပ်လျက်ရှိသည်။ သို့သော် ရီးရဲမက်ဒရစ် အသင်း၌ ပုံမှန်ကစားခွင့်ကို ဆုံးရှုံးရလျက်ရှိရာ ဒေးဗစ်ဘက်ဟမ်း၏အနာဂတ်မှာ မရေရာ မသေချာဖြစ်လျက်ရှိသည်။

မိမိအနေဖြင့် ဘောလုံးသမားဘဝမှ အနားယူဦးမည်မဟုတ်ကြောင်း၊ ယခုရီးရဲမက်ဒရစ်နှင့် စာချုပ်အသစ်ချုပ်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း ဒေးဗစ်ဘက်ဟမ်းက ပြောကြားသည်။

မိမိသည် ယခုအချိန်အထိ အနားယူမည့်ကာလကို မဆုံးဖြတ်ရသေးကြောင်း၊ ရီးရဲမက်ဒရစ်မှ ထွက်ခွာခဲ့ချိန်တွင် ထိုကိစ္စကို စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ **(အင်တာနက်)**

အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်း။

ဂျပန်နှင့်ဂါနာအသင်းတို့ ချစ်ကြည်ရေးပွဲယှဉ်ပြိုင် ဂါနာက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိ

ဂါနာတိုက်စစ်မှူး အဆာမော့ဂန်(၀) ထိုးဖောက်ကစားဟန်။

တိုကျို အောက်တိုဘာ ၅

ဂျပန်အသင်းနှင့်ဂါနာအသင်းတို့ ချစ်ကြည်ရေး ခြေစမ်းပွဲကို အောက်တိုဘာ ၄ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ယှဉ်ပြိုင်ကစားရာ ဂါနာကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အင်တိုက်အားတိုက်ကစား

ဂါနာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဘောလုံးသမားများကို အခြေခံပြီး ဖွဲ့စည်းလာသော အသင်းဖြစ်သဖြင့် ဂျပန်အသင်းနှင့်ကစားရာတွင် တစ်ချိန်လုံး အင်တိုက်အားတိုက်ကစားသွားနိုင်ခဲ့သည်။

မာမာတင်းတင်း တုံ့ပြန်ကစား

ဂါနာတိုက်စစ်မှူး ဒရာမင်ဟာမီနူကို ဂျပန်နောက်ခံလူများ မထိန်းနိုင်ဘဲရှိရာ တစ်လုံးတည်းသောအနိုင်ဂိုးကို ဒရာမင်ဟာမီနူကပင် ပွဲချိန် ၇၃မိနစ်၌ သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ဂျပန်ဘောလုံးသမား အများအပြားပါဝင်သည့် ဂျပန်အသင်းသည် ဂါနာတို့၏ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းမှ နုတ်ထွက်ပေးရန် ခြိမ်းခြောက်မှု အသင်းမန်နေဂျာ အလန်ပါဂျူးငြင်းဆို

လန်ဒန် အောက်တိုဘာ ၅

ဝက်စ်ဟမ်းမန်နေဂျာ အလန်ပါဂျူးသည် ဝက်စ်ဟမ်းအသင်းကို အီရန်စီးပွားရေးသမားတစ်ဦးက လွှဲပြောင်းယူရန် ကောလာဟလများကြောင့် အသင်းမှ နုတ်ထွက်ရန် ခြိမ်းခြောက်လာခြင်းကို ငြင်းဆိုလိုက်သည်။

ငြင်းဆို

အဆိုပါ စီးပွားရေးသမားသည် ဝက်စ်ဟမ်းအသင်းအား ပေါင် သန်း ၇၀ပေး၍ဝယ်ယူရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း ဝက်စ်ဟမ်းမန်နေဂျာ အလန်ပါဂျူးက အသင်းမှ နုတ်ထွက်ပေးရန် ငြင်းဆိုထားသည်။

ဝက်စ်ဟမ်းအသင်းမန်နေဂျာ အလန်ပါဂျူး။

အရှုံးပွဲ

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် တစ်ပွဲသရေ၊ ငါးပွဲရှုံးထားသည်။ အာဂျင်တီးနား နာမည်ကြီး ကစားသမားများဖြစ်သည့် ကားလို့စ်တီဗက်ဇ်နှင့် မာရှေယာနိုတို့အား ခေါ်ယူထားသော်လည်း နိုင်ပွဲမစနိုင်ဘဲရှိသည်။ ထို့ကြောင့်ဝက်စ်ဟမ်းမန်နေဂျာအလန်ပါဂျူးသည် အသင်းမှနုတ်ထွက်ပေးရန် ခြိမ်းခြောက်ခံနေရသည်။ **(အင်တာနက်)**

တတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။'

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထား၍ တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
မွန်ပြည်နယ် မုဒုံမြို့ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ ကောသလ္လ (မုဒုံဆရာတော်)	၁၃၆၈ခု၊ သီတင်းကျွတ်လပြည့် သောကြာနေ့ (၆-၁၀-၂၀၀၆)
အနောက်ဂန့်ဂေါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် စနေနေ့ (၇-၁၀-၂၀၀၆)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရ (သရက်ဆရာတော်)	၁၃၆၈ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ (၈-၁၀-၂၀၀၆)
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် တနင်္လာနေ့ (၉-၁၀-၂၀၀၆)
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ (၁၀-၁၀-၂၀၀၆)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့ (၁၁-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇန ဟိတရေ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ (၁၂-၁၀-၂၀၀၆)
ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၃-၁၀-၂၀၀၆)
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် စနေနေ့ (၁၄-၁၀-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ၂၀၀၆ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိ တန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

Miss Royal gold Soap 2006 ရွေးချယ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

Excel Co., Ltd. က ကြီးမှူး၍ Miss Royal gold Soap 2006 ရွေးချယ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Restaurant ၌ ကျင်းပရာ အနုပညာရှင်များ ကြည့်ရှုအားပေးကြသည်။

Miss Royal gold Soap 2006 ပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင် မော်ဒယ်ပေါင်း ၄၀၀ ကျော်တို့က လျှောက်လွှာတင်ခဲ့ကြရာ အဆင့်ဆင့် ရွေးချယ်၍ ပြိုင်ပွဲကိုနှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်သည်။ ယင်းအခမ်းအနားတွင် ပြိုင်ပွဲဝင် မော်ဒယ်များက ဆန်းသစ်သော အစီအစဉ်များနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ပထမဆု Miss Royal gold Soap 2006 ရရှိသူ မဇင်ဇင်အား ဆုငွေကျပ်၁၀သိန်းနှင့် နိုင်ငံခြားခရီးစဉ် အလည်အပတ်သွားရောက်ခွင့်ကိုလည်းကောင်း၊ ဒုတိယဆုရရှိသူ မအေးမြတ်ဇော်လင်းအား ဆုငွေကျပ် သုံးသိန်းနှင့် နိုင်ငံခြားခရီးစဉ် အလည်အပတ် သွားရောက်ခွင့်ကိုလည်းကောင်း၊ တတိယဆုရရှိသူ မရွှေရည်ဖြိုးအိအား ဆုငွေကျပ်နှစ်သိန်းနှင့် နိုင်ငံခြားခရီးစဉ်အလည်အပတ်သွားရောက်ခွင့်ကိုလည်းကောင်း Excel Co., Ltd. က ပေးအပ်ချီးမြှင့်သည်။

အထူးဆု

ထို့အပြင် အထူးဆုခုနစ်ဆုကို ငွေကျပ် ငါးသောင်းနှင့် လက်ဆောင်ပစ္စည်းများ၊ နှစ်သိမ့်ဆု၁၀ဆုကို ငွေကျပ်သုံးသောင်းစီ ထပ်မံချီးမြှင့်ခဲ့သည်။

Miss Royal gold Soap 2006 ရွေးချယ်ပွဲကို အဓိကကူညီပံ့ပိုးသူအဖြစ် Royal gold Soap 2006 က ကြီးမှူး၍ ကူညီပံ့ပိုးသူအဖြစ် John Co., Ltd., Ko Ko Beautysalon နှင့် Lolane တို့က ပံ့ပိုးခဲ့ ကြသည်။

နိုင်ငံတကာအဆင့်မီ

Royal gold ဆပ်ပြာသည် နိုင်ငံတကာအဆင့်မီ ဆပ်ပြာအမျိုးအစားတစ်ခုဖြစ်ပြီး အဓိကအားဖြင့် အသားအရေကို ဖြူဖွေး၊ နူးညံ့၊ ချောမွတ်စေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အသားအရေကို ဖြူဖွေး၊ နူးညံ့၊ ချောမွတ်သော Royal gold ဆပ်ပြာ၏ အလှပိုင်ရှင်ကို ရွေးချယ်ရခြင်းဖြစ်သည်။ ထို့အပြင် အသားအရေလှပပြီး အဘက်ဘက်မှ ပြည့်စုံသော အနုပညာရှင်တစ်ဦး ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရွေးချယ်ရခြင်းလည်းဖြစ်သည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အမှတ်၁၄၆ L(၁) ပြည်လမ်း ရှစ်မိုင်ခွဲ မရမ်းကုန်း ရန်ကုန်မြို့နေ ဦးမောင်မောင်သန်း၊ ဒေါ်မြင့်မြင့် မိသားစုက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်၄၂ ပထမထပ် ဦးမျိုးသန့် ဖုန်း-၂၂၀၂၄၅နေအိမ်၌ လှူဒါန်းသည့်အလှူငွေကျပ်တစ်သိန်းကို အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။

(က-ပ)

ဝိဇာတမင်္ဂလာ အထူးတရားပွဲ

ရန်ကုန် အောက်တိုဘာ ၅

အမှတ် ၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ကျေးဇူးရှင် ရွှေမင်းဝံ ဆရာတော်၏ သက်တော် ၅၉နှစ်မြောက် ဝိဇာတမင်္ဂလာ အထူးတရား အားထုတ်ပူဇော်ပွဲတွင် တပည့်သံဃာတော်များနှင့် ယောဂီများက မြတ်စွာဘုရားအား သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ၆ရက်)တွင် တရားဖြင့် ညလုံးပေါက် ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးကြပ်မှုဖြင့် မြန်မာဂေါက်ကလပ်က ကျင်းပသော တတိယကြိမ်မြောက် သီတင်းကျွတ် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၁၀ရက်နှင့် ၁၁ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကို သက်တန်းအလိုက်ပိုင်းခြား၍ ပြုလုပ်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် အသက်(၁၃-၁၅)နှစ်၊ အသက် (၁၆-၂၀)နှစ်နှင့် အမျိုးသားပြိုင်ပွဲအသက် (၁၀-၁၈)နှစ်အထိဟူ၍ သုံးတန်းခွဲခြားပြီး ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

သက်တမ်းအလိုက်

အဆိုပါပြိုင်ပွဲများ၌ သက်တန်းအလိုက် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်ရာ ဆုများကို HAN Golf Masters Pte., Ltd. က အဓိကကူညီပံ့ပိုးချီးမြှင့်သွားမည်ဖြစ်ပြီး Srixon, Myanmar Golf Club Driving Range, Han Golf Masters Academy နှင့် Golf Masters မဂ္ဂဇင်းတို့ကလည်း Co-sponsors များအဖြစ် ပါဝင်ကူညီကြမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် အောက်တိုဘာ ၉ရက် မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ အမည်စာရင်းများကို ပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အမည်စာရင်းများကို မြန်မာဂေါက်ကလပ် ကိုးမိုင် ဖုန်း-၆၆၁၇၀၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲ စတုတ္ထအကြိမ်မြောက် ဂျူဒိုပြိုင်ပွဲများကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ကြီးမှူးကျင်းပမည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲနှင့် စတုတ္ထအကြိမ်မြောက် JAPAM Cup အထိမ်းအမှတ်ဂျူဒိုပြိုင်ပွဲကို အောက်တိုဘာ၂၇ရက်မှ၃၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲ

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများအဖြစ် အနုတ်ကီလို၅၀တန်း၊ အနုတ်၅၅ကီလိုတန်း၊ အနုတ်ကီလို၆၀တန်း၊ အနုတ်၆၆ကီလိုတန်း၊ အနုတ်၇၃ကီလိုတန်း၊ အနုတ်၈၁ကီလိုတန်း၊ အနုတ်ကီလို၉၀တန်း၊ အနုတ်ကီလို၁၀၀တန်း၊ အပေါင်း၁၀၀ကီလိုတန်းနှင့် KATA ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား၁၀မျိုး ပါဝင်မည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးပြိုင်ပွဲများတွင် အနုတ်၄၂ကီလိုတန်း၊ အနုတ်၄၅ကီလိုတန်း၊ အနုတ်၄၈ကီလိုတန်း၊ အနုတ်၅၂ကီလိုတန်း၊ အနုတ်၅၇ကီလိုတန်း၊ အနုတ်၆၃ကီလိုတန်း၊ အနုတ်ကီလို၇၀တန်း၊ အနုတ်၇၈ကီလိုတန်း၊ အပေါင်း၇၈ကီလိုတန်းနှင့် KATA ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား၁၀မျိုး ပါဝင်မည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ပါဝင်ယှဉ်ပြိုင်မည့်အသင်းများသည် အောက်တိုဘာ၂၅ရက်နောက်ဆုံးထား၍ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစီးအရာရှိဒေါ်သီသီရှိန်(အား/ကာ)ထံ အသေးစိတ်စုံစမ်းဆက်သွယ် စာရင်းပေးသွင်းယှဉ်ပြိုင်နိုင်သည်။

(မြန်မာ့အလင်း)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၉၃၁၃ Mazada T 2000 L/t ယာဉ်လက်ဝယ်ရှိသူ အမည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊ရန်ကုန်မြို့။





ရှန်တီ SHANTI INDIAN CUSINE

(၃)နှစ်ပြည့်အထိမ်းအမှတ်နှင့်ဝါကျွတ်အထူးအစီအစဉ်

ရန်ကုန်မြို့တွင် ဘယ်မှာမှ မရနိုင်သော အိန္ဒိယ အစားအသောက်မျိုးစုံနှင့် အချိုပွဲစုံလင်စွာကို ယခင်ကျပ် ၄၅၀၀ အစား ၆-၁၀-၂၀၀၆ရက်မှ ၁၂-၁၀-၂၀၀၆ရက်အထိ ကျပ် ၃၈၀၀ Net ဖြင့် စားသုံးသူများအတွက် ရှန်တီ၏ (၃)နှစ်ပြည့်အထိမ်းအမှတ်နှင့် ဝါကျွတ်အထူးအစီအစဉ်ဖြင့် ဟင်းလျာများကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ထားပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ရှန်တီ (Shanti Indian Cusine)
အမှတ် ၅၁၊ ကမ္ဘာအေးဘုရားလမ်း၊
ဖုန်း-၆၆၁၂၁၆။

တောင်းပန်အပ်ပါသည်

The Voice Weekly Vol. 2 / No. 52ပါ 'ပုဂ္ဂလိက ထီပေါက်စဉ် အမှားအယွင်းများ' သတင်းဆောင်းပါး၏ တတိယစာပိုဒ်တွင် ကျပ်ငါးသိန်းဆုပေါက်ဂဏန်းအမှန်ပါရှိသော ထီပေါက်စဉ်အမည်ကို ရွှေနှင်းဆီအစား အောင်သပြေဟုမှားယွင်းဖော်ပြမိပါသည်။ ယခုကဲ့သို့မှားယွင်းဖော်ပြမှုအတွက် အယ်ဒီတာအဖွဲ့က ရွှေနှင်းဆီ ထီပေါက်စဉ်ထုတ်ဝေသူအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

အမွေပြတ်ကြေညာခြင်း

မစန္ဒာအေး ၁၂/ဥကမ(နိုင်)၁၈၁၅၀၄ သည် မိဘညီအစ်ကိုမောင်နှမများ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိသဘောဆန္ဒအရ အိမ်မှဆင်းသွားသည့်နေ့ ၂၉-၉-၂၀၀၆ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မစန္ဒာအေးနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူကြောင်း။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးမျိုးညွန့်-ဒေါ်အေးအေးသန်း
အမှတ် ၃၁၀၊ သုဓမ္မာလမ်းမကြီး၊
သင်္ဃ၁၊ မြောက်ဥက္ကလာပမြို့နယ်။

မစိုးရိမ်ရွှေကျောင်းတိုက်သစ် ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဉာဏာလင်္ကာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော သံဃာတော်အပါး ၁၆၀တို့အား ဦးထွန်းဝင်း - ဒေါ်ခင်နွယ်တင်၊ သားဦးသတိုးဟိန်း-ဒေါ်စိုးမာလာနှင့် မြေး မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့်(မြန်မာ့သြဘာမိသားစု)တို့က ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက် (အောက်တိုဘာ၂၂ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီတွင် ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျေးဇူး ဆပ်ပါမည်

ယာဉ်အမှတ် စ/၇၃၀၈၏ မှတ်ပုံတင်၊ လိုင်စင်စာအုပ်၊ ဆီစာအုပ်နှင့် အရေးကြီး စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၅၁-၇၀၀၂၉။**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

အောက်ဖော်ပြ ကုန်အမှတ်တံဆိပ်များသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယဉ်ယဉ်မိုး ၁၂/ဥကမ(နိုင်)၀၀၁၀၆၃၏ တစ်ဦးတည်းသော မူပိုင် ကုန်အမှတ် တံဆိပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

√Point

(မှတ်ပုံတင်အမှတ်-၄/၆၀၈၁/၂၀၀၆) **(မှတ်ပုံတင်အမှတ်-၄/၆၀၈၂/၂၀၀၆)**

အထက်ဖော်ပြပါ On Line၊ √°Point ဟူသော တံဆိပ်အမည်အမှတ်အသားများကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် အဝတ်အထည်အမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ အိတ်အမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အခြားမည်သူ တစ်ဦးတစ်ယောက်မဆို ယင်းအမည်များနှင့် တံဆိပ်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ ဆင်တူပြုလုပ်၍ဖြစ်စေ၊ ပုံတူကူးယူ၍ဖြစ်စေ ဆိုခဲ့သော အဝတ်အထည်အမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ အိတ်အမျိုးမျိုးတို့တွင် ကပ်နှိပ်ထုတ်လုပ်ခြင်း လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်များကို ပိုင်ရှင်၏ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့တည်းမဟုတ် ပိုင်ရှင်၏ ပိုင်ဆိုင်ခွင့်အဝဝများကို ကျူးလွန်ဖောက်ဖျက်ခြင်းများအား တွေ့ရှိရပါက ထိုသို့ကျူးလွန်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A., H.G.P.,C.B.L.,D.B.L.,D.M.L.,
ဥပဒေအကျိုးဆောင်
အမှတ် ၈၆/၈၈၊ အခန်း ၂၀၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၉၂၅၇၃၆။

MYANMAR IVANHOE COPPER COMPANY LIMITED

TENDER NOTICE

TENDER NO: SUPPLY OF EXCAVATOR MOUNTED DRILL RIG
(IFB NO.SAB EXCAVATOR DRILL RIG -06)

Supply of one unit of Excavator mounted drill rig to the MICCL mining operation,west bank of Monywa, Myanmar.

CLOSING DATE:
30th October 2006 at 4 pm

TENDER DOCUMENT FEE:
US$ 100 (in FEC)

COLLECTION DOCUMENT AT:
MICCL-Myanmar Ivanhoe Copper Company Limited
70(1) Bo Chein Street
Pyay Road, Hlaing Township
Yangon, Myanmar
Tel: 951-514194 to 7
Fax : 951-514208

DATE AND TIME OF COLLECTION
6th October 2006 to 20th October 2006
Monday to Friday,10 am to 5 pm.

ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ် တစ်နှစ်တာပဒေသာပင်စုပေါင်းရေစက်ချပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်၌(၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့)၁၇-၁၀-၂၀၀၅ရက်မှ (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့) ၆-၁၀-၂၀၀၆ ရက်အထိ တစ်နှစ်တာအတွင်း ကျောင်းတိုက်အတွက် ပဒေသာပင် အသီးသီး စိုက်ထူလှူဒါန်းထားကြသော အလှူရှင်များ၏ စုပေါင်းရေစက်ချပွဲကို အောက်တိုဘာ၆ရက် နံနက်၉နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှသည် ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အလုပ် အမှုဆောင်အဖွဲ့ဝင်များနှင့် စက်တင်ဘာ၂၈ရက် မွန်းလွဲ၁နာရီက ကျိုင်းတုံမြို့ ပြည်နယ်အမျိုးသမီးရေးရာအဆောက်အအုံတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယက က အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)** ဆက်လက်၍ လေးခရိုင်ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက ရှေ့လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များက အထွေထွေဆွေးနွေးချက်များကိုတင်ပြပြီး နာယက က ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး သင်တန်းကျောင်းသို့ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ဆရာ့ကျေးဇူး၊ ဆရာ့စေတနာ

မြနှင်းဖြူဖြူ

သည်နှစ်သည်ဖိတ်စာလေးကို ကျွန်မလက်ခံဖတ်ရှုရပါသည်။

ပဲခူးယ်ကုန်းမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာလေးပါ။ ကျင်းပမှာက အောက်တိုဘာလ၇ရက်(စနေနေ့)ပါ။ သီတင်းကျွတ်လပြည့်ကျော် ၁ရက် (၂၄)ကြိမ်မြောက်ဆိုတော့ တပည့်များ၏ အသက်ကို မှန်းဆချင့်တွက်မိပါသည်။ ကျွန်မစဉ်းစားမိသည်။ ရောဂါကြီးမားထူထပ်များပြားသော ကျွန်မအတွက် နောင်နှစ် သည်လိုဖိတ်စာမျိုး ဖတ်ရပါဦးမည်လား။

နေ့မြင်ညပျောက် မမြဲသော သံသရာ လောကကြီးထဲမှာ အသက်အပိုင်းအခြားကို ဘယ်သူအာမခံနိုင်ပါမည်နည်း။ ဘဝ၏ရေလယ်တွင် တပည့်များ ကူးခတ်လှုပ်ရှားနေရချိန်၊ ကျွန်မတို့က ဘဝ၏ တစ်ဖက်ကမ်းနေဝင်ချိန်သို့ ရောက်နေပါပြီ။

ကျောင်းသင်ခန်းစာသာမက လူ့ဘဝအလယ် တင့်တောင့်တင့်တယ်ဖြစ်ရန် စာရိတ္တအမူအကျင့် စိတ်ဓာတ်များကိုပါ သင်ပြညွှန်ကြားတတ်ကြသော ဆရာကြီး၊ ဆရာမကြီးများမှာ သက်တမ်းအနည်းဆုံး(၆၀)ကျော်ရှိနေပြီး ဖြစ်သည်။

နက်မှောင်ထူထပ်သော ဆံပင်များက ဖြူနေပြီ၊ ပြည့်တင်းဖောင်းကားသော နဖူးပြင်ပါးပြင်တွေက တွန့်၍တွဲကျနေပြီ၊ ခါးရိုး၊လည်ပင်း၊ လက်မောင်းမှအစ အသားအရေတွေက မွဲခြောက်နေပြီ၊ သွားလာလှုပ်ရှားလျှင် နီးရာတစ်ခုခုကို ကိုင်တွယ်သွားလာနေရပြီ၊ ရုပ်နာမ်နှစ်ပါးစလုံး အားနည်းချို့ယွင်းကာ သတိမရ၊ မေ့ပျောက်တာတွေက များနေသည်။ တစ်ယောက် အမည်ခေါ်လျှင် အကုန်ပါသည်။

ဆရာတော်ကြီးတစ်ပါးက မိန့်ကြားခဲ့ဖူးသည်ကို ဖတ်ရ၊ အမှတ်ရပါသည်။ "စီးပွားရှာချိန်တွင် ကိုယ်စိတ်ကိုလျှော့ချကာ တရားဖက်ပြီး၊ လူမဝင်ဆံ့အောင်မနေရ၊ သန့်ရှင်းအပြစ်ကင်းသော အသက်မွေးမှုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ကိုင်ရမည်။ တရားဓမ္မကိုတော့ ငယ်လွန်းသည်၊ စောလွန်းသည်ဟု ပြော၍မရ ကြီးမှတရားထိုင်တာပေါ့ဟု ယူဆရန်မလိုပါ"ဟူ၍ မိန့်ကြားခဲ့ဖူးသည်။ အရာရာအကောင်းဆုံးမဖြစ်တောင် အညံ့ဆုံးတော့ မဖြစ်သင့်ပါ။

ကျွန်မအလုပ်ဝင်စဉ်က ခင်ပွန်းသည်အမှုထမ်းရာ မြို့နယ်၊ နယ်စပ်များသို့ တာဝန်အရသွားရသည်။ ပညာရေး၊ ကျန်းမာရေးမှအစ စိတ်ဓာတ်ချို့ယွင်းသူ တော်တော်များများ တွေ့ရသည်။ ကြည့်ပါ။ "ဆရာမ ခွင့်တိုင်စာပို့လဲ အလကားပဲ၊ အဘွားက တောင်ပေါ်မှာ တစ်ယောက်တည်း၊ ဒီအချိန်မှ လယ်ယာမလုပ်ရင် ဘယ်အချိန်သွားလုပ်မလဲ"၊ "မနှစ်ကလဲ ဒီစာတွေသင်ပြီးပါပြီ၊ အကုန်သိနေပြီပဲ"

ရောက်ရာကျောင်းများတွင် စိတ်ဓာတ်ရေးရာ၊ စည်းကမ်းရေးရာ၊ ပညာရေး၊ လူမှုရေးကိစ္စတွေမှအစ ကိုယ်ချင်းစာတရား လက်ကိုင်ထားနိုင်ရန် တဖွဖွပြောဆို သွန်သင်ရသဖြင့် အိမ်ပြန်ရောက်လျှင် ထမင်းပင်မစားနိုင်တော့။ ရေကိုသာ တွင်တွင်သောက်ခဲ့ရသည်။ တပည့်များက တချို့ကျောင်းသို့လာသည်၊ ကျောင်းသို့မရောက်။ မိဘတွေက သူတို့ကလေးတွေကျောင်းမှာရှိသည်ဟု ယုံကြည်ကြသည်။ ကျောင်းချိန်အတွင်း ဆရာ၊ ဆရာမတို့၏ တာဝန်ကကြီးမားလှသည်။ ကျောင်းချိန်အတွင်း တစ်စုံတစ်ရာဖြစ်ခဲ့သော် မခက်ပါလား၊ သားသမီးကို ဂရုစိုက်သော မိဘများရှိသလို ငွေကြေးချို့တဲ့သော မိဘများအနေဖြင့် ဂရုမစိုက်ပစ်ထား ခံရသူလေးတွေကရှိစမြဲ၊ အုပ်ထိန်းသူများထံ တိုင်စာပို့ ခေါ်ယူဆွေးနွေးဖြင့်၊ သည်လိုနှင့် အမှုထမ်းဘဝတွင် ကျင်လည်ခဲ့ရသည်။

တချို့ကို တွေ့ရပြန်တော့ အသိပညာ အတတ်ပညာရှင်ကြီးတွေ၊ အောင်မြင်သောအနုပညာရှင်ကြီးတွေအဖြစ် တွေ့ရသောအခါ ဝမ်းသာပီတိဖုံးခဲ့ရသည်။ ဆုံတွေ့ရန်မလွယ်ကူ၊ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော ဆရာ၊ ဆရာမကြီးများမှာ တစ်နှစ်တစ်ခါပြန်ဆုံရသောအခါ တပည့်တွေကို ကလေးတွေလိုထင်မှတ်ပြီး စိတ်တွေနုပျိုလန်းဆန်းကာ ငယ်မူငယ်သွေးဖြစ်သွားကြပြန်ပါသည်။

ကျေးဇူးတရားသိသူသည် အကျိုးမယုတ်ပါ၊ လူ့သက်တမ်းနှင့်ပတ်သက်၍ ဖတ်ရှုခဲ့ရသော စာပေများကို အမှတ်ရပါ၏၊ ရာဇသင်္ကြန်အမတ်ကြီးက ကြံဖျားမှစ၍ မစုပ်ဘဲ၊ အရင်းက စစုပ်ခဲ့သည်ကိုလည်းကောင်း၊ ဘုရားရှင် လက်ထက်တော်အခါက လူ့သက်တမ်းနှင့် ပတ်သက်၍ ရဟန်းတော်သုံးပါးတို့ ဆွေးနွေးကြရာဝယ် တစ်ပါးက"နေရလှ လေးငါးဆယ်နှစ်ပေါ့"ဟုဆို၏၊ နောက်တစ်ပါးက "တစ်ရက်တစ်မနက်ပဲ မှန်းလို့ရပါတယ်"တဲ့၊ နောက်ဆုံးတစ်ပါးက "လူ့သက်တမ်းဟာ အသက်အရှူအရှိုက်တစ်ခဏမှာပဲ ရှိပါတယ်တဲ့"

အိမ်းကြပြီဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား ကြီးမားသော စေတနာ သဒ္ဓါတရားထားကာ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဘယ်လိုကြိုးစားခဲ့ကြသည်၊ ဘယ်လောက်ကြိုးစားခဲ့ကြသည်ကို စာနာချင့်တွက်မိပါသည်။ ဆရာ ဆရာမကြီးများကလည်း ဝမ်းသာဂုဏ်ပြုဆုမွန်ကောင်းတွေပေးကြမှာမလွဲပါ၊ (၂၄)ကြိမ်မြောက်အထိ အာစရိယပူဇော်ပွဲကြီးဖြစ်ပေါ်ကာ ဆရာတပည့်ပျော်ပျော်ပါးပါးဆုံတွေ့ခဲ့ကြသည့် သည်လိုဝါကျွတ်ပွဲကြီးမှာ ပဲခူးယ်ကုန်း အထကမှ တပည့်ဟောင်းများ၏ အားထုတ်ကြိုးပမ်းမှုကို ဂုဏ်ပြုမှတ်တမ်းတင်မိပါ၏။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံပညာရေး၊ ခေတ်မီပညာရေးများကို အားသွန်ခွန်စိုက်ကြိုးပမ်းနေသည်ကို တွေ့ရပြန်တော့ ဝမ်းသာပီတိ ဖြစ်ရပြန်ပါသည်။ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကကျသည်။ ယနေ့ခေတ်သည် အိုင်တီခေတ် ဖြစ်သည်။ ကျောင်းသားကျောင်းသူ လူငယ်များ၏ဘဝ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက် ခေတ်မီပညာရပ်များကို ခေတ်မီ နည်းပညာများဖြင့် သင်ကြားနိုင်ရေး နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသည်။ လူတိုင်းစာတတ်ရေး၊ စာတတ်သူတိုင်း ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်းနိုင်ရေး နိုင်ငံတော်က ကူညီပေးလျက်ရှိသည်။ ၎င်းတို့မှာ နိုင်ငံတော်၏ ကြီးမားသော ကျေးဇူးများ၊ စေတနာများ ဖြစ်သည်။

ယခုအခါ ကျောင်းသား ကျောင်းသူများသည် ကျောင်းအလိုက်၊ စာသင်နှစ်အလိုက် မိမိတို့အား သင်ကြားခဲ့သော ဆရာ၊ ဆရာမများအား အာစရိယပူဇော်ပွဲများ ကျင်းပ၍ ဆရာ့ကျေးဇူး၊ ဆရာ့စေတနာများကို အမှတ်တရ ပြန်လည်ပေးဆပ်လေ့ရှိကြသည်။ ဆရာ့ကျေးဇူး၊ ဆရာ့စေတနာကိုသိ၍ အစဉ်အမြဲ လိုက်နာကျင့်သုံးနေကြသူများသည် ကြီးပွားတိုးတက်ကြပေသည်။

ထို့အတူ နိုင်ငံတော်၏ကျေးဇူးနှင့်စေတနာကိုသိ၍ နိုင်ငံတော်အတွက် ဆတက်ထမ်းပိုး ပြန်လည်အကျိုးပြု ထမ်းရွက်နေသူများ၏ဘဝသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားနေမည်သာဖြစ်ပါသည်။ ။

ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်း ဂုဏ်ထူးရကျောင်းသားများ ဂုဏ်ပြုဆုချီးမြှင့်

ရေဦး စက်တင်ဘာ ၅

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအားဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၄ရက် မွန်းလွဲ၁နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးငွေပဒေသာပင်အတွက် အလှူငွေများလှူဒါန်းရာ မြို့မိမြို့ဖများက လှူဒါန်းငွေ ကျပ်ငါးသိန်းကို လည်းကောင်း၊ ဒိုင်းမွန်းစတားကုမ္ပဏီမှ လှူဒါန်းငွေကျပ် ငါးသိန်းကို မန်နေဂျာဒေါ်ခင်ခင်ကြွယ်က လည်းကောင်း **(အပေါ်ပုံ)**၊ ပညာရေး ဝန်ဆောင်မှုအဖွဲ့ လှူဒါန်းငွေကျပ် နှစ်သိန်းကို ဦးဝင်းမြင့်(ကံ့ကော်)ကလည်းကောင်း၊ ဓာတ်မြေဩဇာအရောင်းဆိုင်များက လှူဒါန်းငွေ ကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား တစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၅၅၀၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၃ ရက်က ပတ္တမြားခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦးဖြစ်သော မောင်မျိုးခန့်ကိုကိုနှင့် မအိကေခိုင်တို့အားကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၉-၁၀-၂၀၀၆ (တနင်္လာနေ့)
❑ Pali Language & Literature
- ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

❑ Methods of Orchid Propagation
- ကျောင်းသား၊ ကျောင်းသူများ၊ လုပ်သားပြည်သူများ

၁၀-၁၀-၂၀၀၆ (အင်္ဂါနေ့)
❑ Law of Contract
- LL.B (ဒုတိယနှစ်)နှင့် B.A (Business Law)ဒုတိယနှစ်

❑ Myanmar Customary Law
- LL.B (ဒုတိယနှစ်)နှင့် B.A (Myanmar Studies)တတိယနှစ်

၁၁-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)
❑ Legal Frame Work on ASEAN
- B.A (SEAP Studies)တတိယနှစ်

❑ Constitutions of ASEAN Countries
- B.A (SEAP Studies) တတိယနှစ်

၁၂-၁၀-၂၀၀၆ (ကြာသပတေးနေ့)
❑ Environmental Law
- B.Sc (Environmental Studies) တတိယနှစ်
- Introduction to the Archaeology
- ရှေးဟောင်းသုတေသနပညာဘွဲ့ကြို ကျောင်းသား၊ကျောင်းသူများ

၁၃-၁၀-၂၀၀၆ (သောကြာနေ့)
❑ General Geology of Myanmar
- B.Sc (Geology)
- ပထမနှစ်၊ ဒုတိယနှစ်၊ ကျောင်းသား၊ ကျောင်းသူများ

❑ Secrets of Spirulina
- ကျောင်းသား၊ ကျောင်းသူများ၊ လုပ်သားပြည်သူများ

၁၄-၁၀-၂၀၀၆ (စနေနေ့)
❑ Simple Linear Regression
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Correlation
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Structure of M arkets
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ

❑ Micro Business
- ပထမနှစ် အိမ်တွင်းစီးပွား

❑ Privatization & FDI in Myanmar
- ပထမနှစ် ပြည်သူ့ရေးရာ

❑ Monopoly
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ

❑ Index Numbers
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Purchasing Management & Successful Marketing of Fundamentals
- ပထမနှစ် အိမ်တွင်းစီးပွား၊

❑ Legal Form of Organization
- ပထမနှစ် အိမ်တွင်းစီးပွား

❑ Measures of Dispersion
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား

❑ Book-keeping Procedures and Cash Book
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Concepts of Equilibrium
- ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ

၁၅-၁၀-၂၀၀၆ (တနင်္ဂနွေနေ့)
❑ Cost Accounting
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ

❑ Health Care and Health Services
- ဒုတိယနှစ် အိမ်တွင်းစီးပွား

❑ Introduction to Statistics
- ဒုတိယနှစ် ပြည်သူ့ရေးရာ

❑ Motivation, Leadership & Communication
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Linear Programming I
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Linear Programming II
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Decision Making & Personal Management
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Functions of Random Variables
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Time Series Analysis and Forecasting
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Producer's Equilibrium
- ဒုတိယနှစ် စီးပွားရေးပညာ

❑ Contract Costing
- ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ

တောင်ကြီးမြို့၌ သီလရှင်များအား ကျန်းမာရေးဗဟုသုတ ပညာပေး အာဟာရပြည့်အစားအစာ၊ ဆေးဝါးနှင့်အလှူငွေများ ပေးအပ်လှူဒါန်း

တောင်ကြီး အောက်တိုဘာ ၁

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် တောင်ကြီးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သီလရှင်ဆရာလေးများအား ကျန်းမာရေးဗဟုသုတ ပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အာဟာရဖြည့် အစားအစာနှင့် ဆေးဝါးများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ရက် ညနေ ၃နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို တင်ပြပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အထူးကုဆရာဝန် ဒေါက်တာကြည်အေးဆွေနှင့် ဒေါက်တာနင်းရီအေးတို့က အမျိုးသမီးဆိုင်ရာ ရောဂါများအကြောင်း ပညာပေးဟောပြောပြီး ကျန်းမာရေးအဖွဲ့မှ သီလရှင်ဆရာလေးများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသနေမှုများကို နာယကနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့်သီလရှင်ဆရာလေး ၁၅၀ တို့အား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အမျိုးသမီးရေးရာ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့်အဖွဲ့ဝင်များက အာဟာရဖြည့်အစားအစာနှင့် ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းနှင့် နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(ပြည်နယ်အမျိုးသမီးရေးရာ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်အတွက် ဦးစန်းမောင်(ဥက္ကဋ္ဌ၊ တာမွေမြို့နယ် လုပ်ငန်းစစ်ဆေးရေး)အား ရည်စူး၍ ရန်ကုန်မြို့ ကျောက်မြောင်းဈေးလမ်း တာမွေမြို့နယ်အမှတ် ၃၀ နေ ဒေါ်သန်းသန်းနွဲ့၏ (၇၅)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် သမီးများဖြစ်ကြသော ဒေါ်သန့်စင်ဦး၊ ဦးဝါချော-ဒေါ်တင်ထားလွင်၊ ဒေါ်စန်းယုမေ၊ မြေး မောင်ကောင်းမြတ်လူ၊မရွှေစင်သန့်လူမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်လင်ခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

လှိုင်လင် စက်တင်ဘာ ၂၀

လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်က လှိုင်လင်ခရိုင်အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြို့နယ်ကိုးမြို့နယ်မှ အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ထို့နောက် လှိုင်လင်ခရိုင် အားကစားကွင်း၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကိုကျင်းပရာ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပင်လုံမြို့နယ်အသင်းနှင့် လှိုင်လင်မြို့နယ်(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်လုံမြို့နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဗိုလ်စွဲသွားပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်က ပထမဆုရ ပင်လုံမြို့နယ်အသင်းအားဆုဖလားနှင့် ငွေကျပ် တစ်သိန်း ငါးသောင်းကို ပေးအပ်ချီးမြှင့်ပြီး **(ဝဲပုံ)** နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးနှင့် အရာရှိများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အား/ကာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အားကစားသမားများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

ကတ္တရာခင်း

ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကန်တော်ကြီးပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၀ ရက်က ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

အနောက်ပိုင်းတက္ကသိုလ် ကွန်ကရစ်လမ်းပြင်

ထန်းတပင် စက်တင်ဘာ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် အင်ဂျင်နီယာ ဦးကျော်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်တို့ စက်တင်ဘာ ၁၉ ရက်က ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်လမ်း ကွန်ကရစ်လမ်းပြင်ဆင်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့နယ်အသင်း ကထိန်အလှူ

ရန်ကုန် အောက်တိုဘာ ၅

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် အလှူငွေနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုနှင့် ဂုဏ်ထူးဆုချီးမြှင့်ပွဲကို အိမ်မဲမြို့ မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့မှ နေ့ချင်းပြန်သွားရောက်ပြီး အိမ်မဲမြို့နယ် လှည့်သာသနာပြု တကောဆရာတော် အကောင်အထည် ဖော်လျက်ရှိသော အိမ်မဲမြို့ ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးစီမံကိန်းကို လေ့လာကြမည်ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀ နှင့် အကျိုးဆောင် ဦးသိန်းလွင်ဖုန်း-၆၆၁၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

ဆေးဖျန်းဆောင်ရွက်

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး(ဈေး) ဦးသန်းမြင့်စိုးဦးစီး၍ စက်တင်ဘာ ၇ရက်က မြို့မဈေးကြီးတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရန် ဆေးဖျန်းဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)



မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
၇-၁၀-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
- (၁) နေချင်လှသည့် တို့နှစ်ဦး (ညွှန့်လှိုင်လှိုင်-စိုးစန္ဒာထွန်း)
- (၂) ချစ်စကား (စန္ဒရားလှထွတ်-ဟေမာနေဝင်း)
- (၃) ချစ်သမျှဆိုတဲ့ (ဂရေဟမ်-ဖြူသီ)

၁၀း၄၅ အာဆီယံအစီအစဉ်

၁၁း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသားအဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
- **(၁) စိန္တာမဏိ (စောင်းဦးဘသန်း)**
- **(၂) မြန်မာ့ထောပတ် (မြသက်မှူ)**
- **(၃) မြတ်ဒေသနာ (အလုံဦးဘသိန်း)**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုးအစီအစဉ် (မေခမွေးမြူရေးအစာစပ်စက်ရုံ)

၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
- (၁) စောင့်ထိန်းကြကွယ် ဇာတိနွယ် (ခေါင်းကြီး)
- (၂) သိက္ခာတရားနဲ့ ချစ်ခြင်းများ (ဆောင်းပါး သရုပ်ဖော်)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)

၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ)

ညနေပိုင်း

၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) ငယ်ကချစ်ဦး မမေ့ဘူး (ကိုရဲဝင်း)
- (၂) စိမ်းနေလို့ပြီးမှာလား (ခင်ညွန့်ရီ)
- (၃) ဘဝတာခရီးဖော် (မောင်ကြည်တိုး)

၁၇း၀၀ ခေတ်ဟောင်းတေး
- (၁) တင့်တင့်တယ်တယ်(စိန်ပါတီ)
- (၂) ဇွတ်ချစ်မယ် (မောင်တင်မောင်)
- (၃) ရှေးရေစက် (ပြည်လှဖေ-မေရှင်)

၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း

၁၇း၄၅ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကြံ့ခိုင်စေရေး နေရာမရွေး လေ့ကျင့်ပေး) (အောင်ကောင်း)

၁၈း၄၀ လှပသာယာအိမ်ဂေဟာ (ပန်းမျိုးတစ်ရာရောင်စုံဖြာ)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (The Sun တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်သူအလှဘွဲ့ တေးစီးရီး)

၂၀း၄၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
-ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) မောင်လာမယ်ဆိုတဲ့ မီးထွန်းပွဲတော် (တက္ကသိုလ်နီနီမာ)
- (၂) ချစ်ဖူးတစ်ငုံ (ကိုအောင်ဖုန်း)
- (၃) ရွက်လှပန်း (အေးအေးသွယ်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၂၄၁ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးစန်းအောင် မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၅၆၄၈၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၇၀၀၆ Hi-Bird 125 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ဇေယျာ မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်)၁၀၂၈၂၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၇၅၆၆ Honda C 90 Custom CMS / Mc ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းသန်းဦး မှတ်ပုံတင်အမှတ် ၉/မကန(နိုင်)၀၇၃၀၂၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) (မန္တလေးမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၆၅၆၂ UCM Mediam Pick up ယာဉ်လက်ဝယ်ရှိသူအမည် ဦးအေးသိုက် မှတ်ပုံတင်အမှတ် ၇/ကဝန(နိုင်)၀၆၁၃၅၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၂၀၈၈ Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူအမည် ဦးရန်နိုင်ဦး မှတ်ပုံတင်အမှတ် ၁၄/မအန(နိုင်)၁၂၇၈၃၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး၊ (ပုသိမ်မြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၈၂၁၇ Honda Accord CD.5 ယာဉ် လက်ဝယ်ရှိသူ ဦးဟောင်ယုံခင် ၁၃/မခတ(နိုင်)၀၃၈၀၁၁က မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မူဆယ်မြို့)။**

ဖခင်အမည်မှန်

ပဲခူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မသီတဂူဆွေနှင့် ပဲခူးတိုင်း သနပ်ပင်မြို့နယ်ကပင်ကျေးရွာတွဲဖက်အလကကျောင်း သတ္တမတန်းမှ မောင်ကျော်ရဲရှိန် တို့၏ဖခင် အမည်မှန်မှာ ဦးဆွေလှိုင်မြင့်(ခ) ဦးစိုးရီ၇/သနပ(နိုင်)၀၂၁၆၅၅ ကိုင်ဆောင်သူ ဖြစ်ပါသည်။ ၎င်းအမည်နှစ်မျိုး ကွဲပြားသော်လည်း လူပုဂ္ဂိုလ်မှာတစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးဆွေလှိုင်မြင့်(ခ)ဦးစိုးရီ ၇/သနပ(နိုင်)၀၂၁၆၅၅။**

အမည်ပြောင်း

အထက(၁) မြောင်းမြ ပဥ္စမတန်း(က)မှ အဖ ဦးမြင့်လွင်၏ သမီး မဝါဝါလွင် အား မအေးကျော့မွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးကျော့မွန်။**

အမည်မှန်

တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ပါလျှံ(၂)ကျေးရွာနေ အဖ ဦးဂျိုးဇက်၏သမီး မဘူးယိ၏အမည်မှန်မှာ မကက်သရင်းဖြစ်ပါကြောင်း။ **မကက်သရင်း။**

မိဘအမည်မှန်ဖြစ်ကြောင်း

ပင်လောင်းမြို့ တင်းထက်မြောက်ရွာနေ မမို့မို့မြင့် ၁၃/ပလန(နိုင်) ၀၆၂၀၃၀ ၏ မိဘအမည်မှန်မှာ ဦးစိုးလေး ၈/မသန(နိုင်) ၀၀၀၇၅၂၊ ဒေါ်ခင်မာကြည် ၈/ရနခ(နိုင်) ၀၆၀၈၅၁ ဖြစ်ပါကြောင်း။ **ဦးစိုးလေး–ဒေါ်ခင်မာကြည်။**

အမှားပြင်ဆင်ခြင်း

၂၉–၉–၂၀၀၆ ရက်နေ့ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၇)ပါ ဦးသန်းထွန်း (အများသိစေရန်)ကြော်ငြာမှ ဦးပိုင်အမှတ် (၁၁၆–က)အစား (၁၁၆–ဃ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမြန်ရောင်းမည်

Nissan PK ၂၄ ပေ၊ ကုန်သေတ္တာ ပါပြီး၊ ၆ ဘီး၊ ၇ခ/ လေးထောင်ကျော်၊ မိုဒယ် ၁၉၉၈၊ လိုင်စင်အသစ်၊ အခွန်ကျေ။
ဖုန်း–၀၉–၉၉ ၂၂၈၂၀၊ ၀၉–၅၀ ၁၁၁၄၇။

ပြင်ဆင်ဖတ်ရှုပါရန်

၂၇–၉–၂၀၀၆ရက်ထုတ် ဤသတင်းစာ၊ စာမျက်နှာ(၁၈)တွင်ပါရှိသောရောင်းရန်ကြော်ငြာ(မြန်မာ့စီးပွားရေးဘဏ်)မိတ္ထီလာမြို့နှင့် ဦးအေးပါ(၂)တရားရုံးလေလံကြော်ငြာတွင် လေလံတင်ရောင်းချမည့်ရက်ကို ၂၀၀၆ခုနှစ် အောက်တိုဘာလ၃၀ရက်(၁၃၆၈ခုနှစ်တန်ဆောင်မုန်း လဆန်း ၁၀ရက်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြည့်စွက်ခြင်း

အဖဦးအေးစိန်အောင်၏သား မောင်အောင်ဆန်းနိုင် ၁၁/စတန(နိုင်) ၀၆၁၃၇၄ အား မောင်အောင်ဆန်းနိုင် (ခ) မောင်ထွေးနိုင်လင်းဟု အမည်ပြည့်စွက် ခေါ်ပါရန်။ **မောင်အောင်ဆန်းနိုင်(ခ)မောင်ထွေးနိုင်လင်း။**

ပြည့်စွက်ခေါ်ပါရန်

လားရှိုးမြို့ ရပ်ကွက် (၆)၊ နယ်မြေ(၇) လမ်းမတော်လမ်းနေ ဦးလျိုယံးရှောင်၏သား မောင်ကျော်စိုး(ခ)မောင်အောင်မြင့်ဟု ပြည့်စွက်ခေါ်ပါရန်။ **မောင်ကျော်စိုး(ခ)မောင်အောင်မြင့် ၁၃/လရန(နိုင်)၁၃၁၂၃၀။**

ဖခင်အမည်မှန်

အင်းတော်မြို့ အထက Grade (11) တွင်ပညာသင်ကြားနေသောမနန်းအိအိထွန်း၏ဖခင်အမည်မှာ ဦးစံထွန်း(ခ) ဦးဆန်းထွန်း ဖြစ်ပါကြောင်း။ **ဦးစံထွန်း(ခ)ဦးဆန်းထွန်း ၅/အတန(နိုင်)၀၀၆၀၂၅။**



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၇၅၄၉ အမျိုးအမည် Honda Dream C,100°p ယာဉ် လက်ဝယ်ရှိသူအမည် ဦးကျော်အေး ၁၀/ ဘလန(နိုင်)၀၃၃၀၈၄ က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)။**

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၂၈၃)
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး၊ တရားမရုံးတော်၌

၂၀၀၆ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်–၂၇၇ ကွယ်လွန်သူ ဦးထိန်လင်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တန်ဆောင်းကြီးလမ်း အမှတ်–၈၁ (ပထမထပ်၊ ခေါင်းရင်းခန်း)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထိန်လင်း၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သီတာလင်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၆ရက်(၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးထိန်လင်း၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား ၊ အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)၊ ဆိုခဲ့သော ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၆ရက်(၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်)နေ့၌မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်သီတာလင်း၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၈ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ချယ်ရီကြည်
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

လက်ခံရယူ

ရန်ကုန်တိုင်းဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် စမ်းချောင်း မြို့နယ် မင်္ဂလာလမ်း မနောကေရီစတိုး အမှတ်–၂၈နေ ဒေါ်စွဲ့လန်းဆိုင်၊ မြေး စွဲ့ကြည်ဖြူစင်ဝင်း၏ လေးနှစ်ပြည့်မွေးနေ့အတွက် အလှူငွေကျပ်ငါးသိန်းကိုကျောင်းဆောင်နာယကဆရာတော်မိုးညှင်းအရှင်ဣန္ဒကကတရားဟော ရေစက်ချပြီး ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းဇော်က လက်ခံယူစဉ်။ (က–ပ)

မန္တလေးတိုင်းမိခင်/ကလေးကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေး တိုင်းအဆင့် ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၄

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲနှင့် တိုင်းအဆင့် ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်း(T.O.T)(၉/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ နံနက် ၉နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့် အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တိုင်းအတွင်းရှိ ခရိုင်ရှစ်ခရိုင်အတွက် အိုင်အိုဒင်း ဆားပိသာချိန် ၁၆၅၀ကို ထောက်ပံ့ပေးအပ်ရာ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌများက လက်ခံယူကြသည်။

ဆက်လက်၍ ကျန်းမာရေးပညာ ပေးဆရာဖြစ် သင်တန်းကိုကျင်းပရာ တိုင်းအထူးရောဂါနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအေးအေးမာ က ပိုလီယိုရောဂါအကြောင်းကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာခိုင်မာမြင့်က ခြင်ကင်းစင်၊ အမှိုက်ကင်းစင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းထူထောင်ရေးအကြောင်းကိုလည်းကောင်း ဟောပြောပို့ချကြသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ ဦးဆောင်၍မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များကို အုပ်စု(၁၀)စုဖွဲ့ကာ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီးအုပ်စုလိုက် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ကလောစက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကလောစက်မှုလက်မှုသိပ္ပံ အာစရိယ ပူဇော်ပွဲကို (၁၇)ကြိမ်မြောက်အဖြစ်ဒီဇင်ဘာ ၂ရက်တွင် ဗဟန်းမြို့နယ် ရွှေကျင်ဓမ္မလင်္ကာရ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန် ဦးသိန်းဝင်း ဖုန်း–၀၁–၅၀၁၆၈၈၊ ဦးညွန့်လွင် ဖုန်း–၀၁–၇၀၉၆၂၃၊ ဒေါ်ချယ်ရီအောင် ဖုန်း–၀၁–၆၅၁၀၆၈၊ နေပြည်တော် ဦးအောင်စိုး ဖုန်း ၀၆၇– ၄၁၃၀၁၈၊ ၀၆၇–၄၀၉၁၆၂၊မန္တလေးဦးထွန်းအောင် ဖုန်း–၀၂–၆၃၀၃၆၊ ဦးမိုးထွန်း ဖုန်း–၀၂–၃၃၈၁၈၊ ဒေါ်မြတ်မြတ်သင်း ဖုန်း–၀၂–၃၉၁၈၆၊ ဦးသိန်းထွန်း ဖုန်း–၀၉–၅၁ ၆၃၉၄၈၊ဦးတင်ထွန်းမင်းဖုန်း–၀၉–၅၁–၃၇၀၈၈၊ ကလော ဦးသန်းစိုး ဖုန်း–၀၈၁–၅၀၃၂၀၊ ဦးကျော်မင်း ဖုန်း–၀၈၁–၅၀၁၂၀၊ဦးအောင်နိုင် ဖုန်း–၀၈၁– ၆၀၀၃၃၊ မုံရွာ ဦးသောင်းတင် ဖုန်း– ၀၇၁–၂၂၂၂၆၊ ၂၂၂၂၅ Ext–၃၃၂၊ ပြင်ဦးလွင် ဦးကျော်ညွန့် ဖုန်း–၀၉–၂၀ ၄၄၃၂၀နှင့် လားရှိုး ဒေါ်သီတာရင် ဖုန်း–၀၈၂–၂၂၆၈၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အလှူငွေပေးအပ်

၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာသိန်းဇော်မြင့်နှင့် မြို့နယ်အမှုဆောင်များ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် အသင်းဝင်အင်အား ၅၀ တို့ အောက်တိုဘာ ၁ရက်က ရွှေဆံတော် ဘုရားလမ်း မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့တာ အာဟာရကျွေး အလှူငွေပေးအပ်လှူဒါန်းစဉ်။ (၃၈၀)

ကျောက်မဲမြို့ ဗဟိုဈေးကြီးအတွင်း စက်တင်ဘာ ၁၅ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် လုံခြုံရေးကောင်စီအစည်းအဝေးသို့ တက်ရောက်ခွင့်ပြုရေး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌ တာဝန်ယူထားသည့် ကျူးဘားနိုင်ငံက တောင်းဆိုသော်လည်း ခွင့်မပြုသဖြင့် ကျူးဘားကိုယ်စားလှယ်က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာရေးသားပေးပို့ခဲ့

နေပြည်တော် အောက်တိုဘာ ၅

မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းပြီးနောက် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေး) မစ္စတာ ဂမ်ဘာရီက ရှင်းလင်းပြောကြားသည့် Private Meeting ကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးခွင့်ပြုရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ဥက္ကဋ္ဌ တာဝန်ယူထားရသော ကျူးဘားနိုင်ငံက မေတ္တာရပ်ခံခဲ့သော်လည်း လုံခြုံရေးကောင်စီက ငြင်းပယ်လိုက်သဖြင့် ထိုနေ့မှာပင် ကုလသမဂ္ဂဆိုင်ရာ ကျူးဘားနိုင်ငံ ကိုယ်စားလှယ်က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာတစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်းမရှိကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများကိုယ်စား အခိုင်အမာရပ်တည်ပြောကြား လုံခြုံရေးကောင်စီသည် တာဝန်နှင့်လုပ်ပိုင်ခွင့် ကျင့်သုံးရာတွင် ပဋိညာဉ်စာတမ်းကို လေးစားလိုက်နာသင့်

နေပြည်တော် အောက်တိုဘာ ၅

မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းပြီးနောက် ထိုကိစ္စနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးကောင်စီ၌ Private Meeting ကျင်းပခဲ့ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကိုယ်စား ပါဝင်တက်ရောက်ဆွေးနွေးခွင့်ပြုရန် ကျူးဘားနိုင်ငံက တောင်းဆိုခဲ့သည်။ အဆိုပါတောင်းဆိုချက်ကို လုံခြုံရေးကောင်စီက လက်မခံသဖြင့် ကုလသမဂ္ဂဆိုင်ရာ ကျူးဘားနိုင်ငံကိုယ်စားလှယ်က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာတစ်စောင်ရေးသားပေးပို့ပြီး ၎င်းစာနှင့်အတူ လုံခြုံရေးကောင်စီ၏ Private Meeting ၌ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ကိုယ်စား ရှင်းလင်းပြောကြားမည့် ကျူးဘားနိုင်ငံ၏ ရှင်းလင်းပြောကြားချက်ကို နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြခဲ့သည်။ **ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ကိုယ်စား ကျူးဘားနိုင်ငံ၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–** *စာမျက်နှာ ၇ ကော်လံ ၁* ●

အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်ခုအပေါ် အမေရိကန်နိုင်ငံက ဖိအားပေးစွက်ဖက်သည့်အနေဖြင့် လုံခြုံရေးကောင်စီသို့ ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ရယူခဲ့ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်နှင့် ဘန်ဒေါင်းကြေညာချက်တို့ကို ချိုးဖောက်ခြင်းဖြစ်၍ ပြင်းထန်စွာရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၅

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)က သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)၏
သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်ခုအပေါ် အမေရိကန်နိုင်ငံက သက်သက်မဲ့ ဖိအားပေးစွက်ဖက်သည့်အနေဖြင့် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်လျက်ရှိသည်ဟုစွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်း၍ ဆုံးဖြတ်ချက်ရယူခဲ့ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အပိုဒ်(၂၄)နှင့် ဘန်ဒေါင်းကြေညာချက် မူငါးချက်တို့ကို ချိုးဖောက်ခြင်းသာဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၄* ✻

ရေးနိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောက်တိုဘာ ၅ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၁ ဒသမ ၅၇ လက်မ
မန္တလေး	၃ ဒသမ ၉၀ လက်မ
သာယာဝတီ	၂ ဒသမ ၈၇ လက်မ
စစ်ကိုင်း	၂ ဒသမ ၆၈ လက်မ
သံတွဲ	၂ ဒသမ ၀၈ လက်မ
ကော့သောင်း	၁ ဒသမ ၉၆ လက်မ
ကျောက်ဖြူ	၁ ဒသမ ၉၃ လက်မ